# ခရီးသွားလုပ်ငန်းကဏ္ဍအတွက်

# Do No Harm ဆိုင်ရာလမ်းညွှန်



၂၀၁၇၊ဇွန်လ။

# မာတိကာ


နိဒါန်း ........ 1

နောက်ခံအကြောင်းအရာ ........ 3

ပဋိပက္ခဒဏ်သင့်၍ ထိလွယ်ရှလွယ်သောဒေသများနှင့် Do No Harm ........ 3
ခရီးသွားလုပ်ငန်း၊ ပဋိပက္ခနှင့် ငြိမ်းချမ်းရေး ........ 4
မြန်မာနိုင်ငံအခြေအနေနှင့် Do No Harm ........ 9
Do No Harmနည်းလမ်းကို လက်တွေ့အသုံးချခြင်း ........ 12

အဆင့်(၁) - ရေခံမြေခံအခြေအနေကို လေ့လာဆန်းစစ်ခြင်း ........ 13

ဘာကြောင့်လုပ်ရတာလဲ ........ 13
ဘာတွေကို လုပ်ရမှာလဲ ........ 14
ဘယ်လိုလုပ်ရမှာလဲ ........ 15
ဇယားပုံစံ ၁ - ပိုင်းခြားစေသောအရာများနှင့် ဆက်စပ်စေသာအရာများ ........ 19
အဆင့် ၂ - စီးပွားရေးလုပ်ငန်းအစီအစဉ်များကို လေ့လာဆန်းစစ်ခြင်း ........ 20

ဘာကြောင့်လုပ်ရတာလဲ ........ 20
ဘာတွေကိုလုပ်ရမှာလဲ(၁) ........ 20
ဘယ်လိုလုပ်ရမှာလဲ (၁) ........ 21
ဇယားပုံစံ ၂ - အသေးစိတ်စီမံချက်များကို လေ့လာဆန်းစစ်ခြင်း ........ 22
ဘာတွေကိုလုပ်ရမှာလဲ(၂) ........ 23
ဘယ်လိုလုပ်ရမှာလဲ(၂) ........ 24
အဆင့် ၃ - ထိခိုက်မှုအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အခွင့်အလမ်းများကို လေ့လာဖော်ထုတ်ခြင်း ........ 25

ဘာကြောင့်လုပ်ရတာလဲ ........ 25
ဘာတွေကိုလုပ်ရမှာလဲ ........ 26
ဘယ်လိုလုပ်ရမှာလဲ ........ 26
ဇယားပုံစံ ၃: ထိခိုက်မှုအန္တရာယ်ဖြစ်နိုင်ခြေများကို ရှာဖွေဖော်ထုတ်ခြင်း၊ ဆက်စပ်စေသောအရာများနှင့် ပိုင်းခြားစေသောအရာများအပေါ် သက်ရောက်မှုများ ........ 27
အဆင့် ၄ - ရွေးချယ်စရာနည်းလမ်းများရှာဖွေဖော်ထုတ်ခြင်း ........ 29

ဘာကြောင့်လုပ်ရမှာလဲ ........ 29
ဘာတွေကို လုပ်ရမှာလဲ ........ 29
ဘယ်လိုလုပ်ရမှာလဲ ........ 29
ဇယားပုံစံ ၄ - ရွေးချယ်စရာနည်းလမ်းများဖော်ထုတ်ခြင်း ........ 31
နိဂုံးချုပ် ........ 32

ဖြည့်စွက်ချက် ၁ - Do No Harmအတွက် လုပ်စရာစာရင်း ........ 33

ဖြည့်စွက်ချက် ၂ - လူထုနှင့်ချိတ်ဆက်လုပ်ဆောင်ခြင်းအတွက်   အပြုသဘောချဉ်းကပ်နည်းများ ........ 34

ဘယ်သူတွေနဲ့ ပြောဆိုရမှာလဲ ........ 34
လူထုအတွင်းဝင်ရောက်သောအခါ သတိထားစရာများ ........ 35
ဖြည့်စွက်ချက် ၃ - ဖြစ်စဉ်လေ့လာချက် ........ 37

ငြင်းဆိုချက် ........ 39

## ဖြစ်စဉ်လေ့လာချက်များစာရင်း

ဖြစ်စဉ်လေ့လာချက် ၁ - မြန်မာနိုင်ငံတွင်း  ဟိုတယ်လိုင်စင်ထုတ်ပေးခြင်း ........ 6
ဖြစ်စဉ်လေ့လာချက် ၂ - လူထုအခြေပြုခရီးသွားလုပ်ငန်း(CBT)အစီအစဉ်တွင် DNHနည်းလမ်းကို လက်တွေ့အသုံးချခြင်း ........ 10
ဖြစ်စဉ်လေ့လာချက် ၃ - Do No Harm(DNH)လုပ်ရာတွင် ဧည့်လမ်းညွှန်များ၏ အရေးကြီးသောအခန်းကဏ္ဍ ........ 10
ဖြစ်စဉ်လေ့လာချက် ၄ - အင်တာဗျူးပြုလုပ်ရန်အတွက် ခွင့်ပြုချက်ရယူခြင်း ........ 15
ဖြစ်စဉ်လေ့လာချက် ၅ - သံတောင်ကြီးအုပ်စုမှတစ်ဆင့် သင့်လျော်သောသက်ဆိုင်သူအစုအဖွဲ့များနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်း ........ 16
ဖြစ်စဉ်လေ့လာချက် (၆): ဆက်သွယ်ဆက်ဆံရေးက အဓိကသော့ချက်ဖြစ်သည် ........ 18
ဖြစ်စဉ်လေ့လာချက်(၈) - မိဘမဲ့ကလေးဂေဟာသို့ ပို့ဆောင်ပေးသောခရီးသွားလုပ်ငန်း၏ ငြိမ်းချောက်မှုအန္တရာယ်များ ........ 21

## သရုပ်ဖော်ပုံများစာရင်း

သရုပ်ဖော်ပုံ ၁ - ငြိမ်းချမ်းရေး၊ ပဋိပက္ခနှင့် ခရီးသွားလုပ်ငန်းတို့ကြား အပြန်အလှန်ဆက်နွယ်မှုကိုပြသော အသိသညာမှုဘောင် .... 4
သရုပ်ဖော်ပုံ ၂ - အားလုံးပါဝင်ခြင်း၊ ဖယ်ထုတ်ချန်လှပ်ခြင်း၊ သီးသန့်ခွဲခြားခြင်း၊ပေါင်းစည်းစေခြင်း ........ 5
သရုပ်ဖော်ပုံ ၃ - ခရီးသွားလုပ်ငန်းတွင် လူထုပူးပေါင်းပါဝင်မှုဆိုင်ရာပေါ်လစီအတွက် Do No Harmချဉ်းကပ်ပုံနည်းလမ်း ........ 9
သရုပ်ဖော်ပုံ ၄ - Do No Harmလမ်းစဉ်၏ အဆင့်(၄)ဆင့် ........ 12

## ဇယားများစာရင်း

ဇယား ၁ - လေးစားမှု၊တာဝန်ယူတာဝန်ခံမှု၊မျှတမှုနှင့် ပွင့်လင်းမြင်သာမှုမူဘောင် ........................................ 24

## မှတ်စုတိုများစာရင်း

မှတ်စုတို ၁ - အဓိပ္ပာယ်သတ်မှတ်ချက်များ ........................................ 3
မှတ်စုတို ၂ - မြန်မာနိုင်ငံတွင်းပဋိပက္ခဘေးဒဏ်သင့်လူထုများနှင့်လုပ်ကိုင်ဆောင်ရွက်ခြင်း ........................................ 3
မှတ်စုတို ၃ -ဒါပေမယ့်၊ ကျွန်ုပ်တို့က ပဋိပက္ခဒေသတွေမှာ အလုပ်လုပ်တာမှ မဟုတ်ပဲ။ ........................................ 8
မှတ်စုတို ၄ - မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းဆိုင်ရာပေါ်လစီများ ........................................ 13
မှတ်စုတို ၅ - ပိုင်းခြားစေသောအရာများနှင့် ဆက်စပ်စေသောအရာများကို အဓိပ္ပာယ်သတ်မှတ်ခြင်း ........................................ 14
မှတ်စုတို ၆ - ပိုင်းခြားစေသောအရာနှင့်ဆက်စပ်စေသောအရာအမျိုးအစားများ ........................................ 17
မှတ်စုတို ၇ - ရွေးချယ်စရာနည်းလမ်းများရှာဖွေဆန်းစစ်ခြင်းအတွက် လမ်းညွှန်မေးခွန်းများ ........................................ 30

## နိဒါန်း

ခရီးသွားလုပ်ငန်း၊ ဟိုတယ်နှင့် ညှေ့ဂတ်ကျေပွန်မှုလုပ်ငန်းများသို့ တိုက်ရိုက်သော်လည်းကောင်း၊ တစ်ဆင့်ခံ သော်လည်းကောင်း ဝန်ဆောင်မှုများ(သို့) ကုန်ပစ္စည်းများထောက်ပံ့ပေးနေသော စီးပွားရေးလုပ်ငန်းများ၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများအတွက်ရည်ရွယ်၍ ဤ Do No Harm ဆိုင်ရာလမ်းညွှန်ကို ရေးသားပြုစုထားခြင်းဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းစုများ၊ကုမ္ပဏီများအနေဖြင့် မိမိတို့၏စီးပွားရေးလုပ်ငန်းအစီအစဉ်များကို လုပ်ဆောင်ရာတွင် ဒေသခံ လူထုနှင့်ပတ်ဝန်းကျင်နေရာများအပေါ် အထိအခိုက်အန္တရာယ်ကျရောက်မှုများ လျော့ပါးစေပြီးအပြုသဘော ဆက်ဆံ ရေး အခြေအနေများ တိုးမြှင့်နိုင်စေရန်အတွက် Do No Harm ဆိုင်ရာလမ်းညွှန်ချက်များအပြင် လက်တွေ့ အသုံး ပြုနိုင်မည့်လေ့လာဆန်းစစ်မှုဇယားပုံစံများကိုလည်း နောက်ဆက်တွဲဖော်ပြထားပါသည်။

ဤလမ်းညွှန်ကို UK-Aid ၏ထောက်ပံ့ရံပုံငွေဖြင့် Business Innovation Facility (BIF) မြန်မာမှ CDA Collaborative Learning Projects နှင့် ပူးပေါင်း၍ ပြုစုထားခြင်းဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းနှင့် Do No Harmနည်းလမ်းများအပေါ် နိုင်ငံတကာအလှူရှင်များမှပံ့ပိုးမှုဖြင့် သင်တန်းအစီအစဉ်များရရှိခြင်းတွင် မြန်မာနိုင်ငံသည် ပထမဦးဆုံးဖြစ်သည်။ ထို့ကြောင့် ဤအစီရင်ခံစာတွင်ထည့်သွင်းဖော်ပြထားသော လက်တွေ့ဥပမာများနှင့် ဖြစ်စဉ်လေ့လာချက်များသည် BIFမြန်မာ၏ လုပ်ငန်းခွင်အတွေ့အကြုံများကိုသာ အခြေခံထားခြင်းဖြစ်ပါသည်။

ဤလမ်းညွှန်ကို နိုင်ငံရေး(သို့)စီးပွားရေးအကူးအပြောင်းကာလများကို ရင်ဆိုင်ဖြတ်သန်းနေရသော အခြားနိုင်ငံများ အတွက် သင့်လျော်သလိုအသုံးပြုနိုင်အောင်လည်း ရည်ရွယ်ထား၍ တာဝန်ယူ၊တာဝန်ခံယူရှိပြီး၊ အားလုံးပါဝင်နိုင်သော ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူဖြစ်စေရန် မျှော်မှန်းထားပါသည်။

## ကျေးဇူးတင်လွှာ


အောက်ပါ ပံ့ပိုးကူညီသူများကို ကျေးဇူးအထူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

- **ဦးဟယ်ရီဖုန်းသန့် U Harry Hpone Thant** Tourism Expert & Senior Advisor to the Myanmar Tourism Federation
- **ဒေါ်ထိုက်Daw Htike** Expert Trainer, Luxembourg Development Corporation Agency
- **ဦးလူမွန်U Lu Mon** Joint Secretary General (1), Union of Myanmar Travel Association
- **Steve Noakes** Tourism Expert
- **Tulika Bansal** Senior Advisor, Danish Institute for Human Rights
- **Vicky Bowman** Director, Myanmar Centre for Responsible Business

*Business Innovation Facility (BIF)သည်  UKနိုင်ငံတကာဖွံ့ဖြိုးရေးဌာန(DFID)မှ ရံပုံငွေပံ့ပိုးပေးထားသော ၅နှစ်တာစီမံကိန်းဖြစ်သည်။  စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးပြီး ဆင်းရဲမွဲတေမှုကို လျှော့ချပေးနိုင်မည့် စီးပွားရေးအရအောင်မြင်နိုင်ခြေရှိသော ဆင်းရဲနွမ်းပါးသူဦးစားပေးသည့် ဈေးကွက်ဆိုင်ရာဆန်းသစ်တီထွင်မှုများ စတင်အကောင်အထည်ဖော်နိုင်စေရေးအတွက် အားပေးပံ့ပိုးရန်မှာ BIF၏ရည်မှန်းချက်ဖြစ်သည်။  BIFနှင့်ပတ်သက်၍ ထပ်မံသိရှိလိုပါက www.bifprogramme.org တွင် လေ့လာနိုင်ပါသည်။*

## နောက်ခံအကြောင်းအရာ

### ပဋိပက္ခဒဏ်သင့်၍ ထိလွယ်ရှလွယ်သောဒေသများနှင့် Do No Harm

Do No Harmသည် နိုင်ငံတကာ အဖွဲ့အစည်းအများစုအတွက် ထိပ်တန်းဦးစားပေးဖြစ်သည်။ ပဋိပက္ခနှင့် အကြမ်းဖက်မှုများသည် နိုင်ငံအများတွင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားဖြစ်စေပြီး၊ ပဋိပက္ခများပြန်လည်ဖြစ်ပွားလာလျှင် နှစ်ပေါင်းများစွာဖွံ့ဖြိုးမှု အတွက် ကြိုးပမ်းချက်များ၏ရလဒ်များသည် ဆုံးရှုံးနိုင်သည်ဟု ကမ္ဘာ့ဘဏ်ကလည်း အဆိုပြုထားသည်။ ပဋိပက္ခများကိုနိုင်ငံရေးအရ ကျယ်ကျယ်ပြန့်ပြန့် ဖြေရှင်းခြင်းမပြုနိုင်သေးမီကပင် ပြင်ပမှ စီမံကိန်းများလာရောက် ဆောင်ရွက်သောအဖွဲ့များသည် တချို့ဒေသများတွင် သင့်လျော်သည်ထက် ပိုမိုလှုပ်ရှားခြင်း (သို့) ၊ အဆောတလျင်စီမံခြင်းများကြောင့် အထိအခိုက်အခွန္တရာယ်များကို ပို၍ ဆိုးရွားစေနိုင်သည်။ ထို့ကြောင့် ပထမ ဦးစားပေးသည် ထိခိုက်မှု ကင်းသော လုပ်ငန်းများ (Do No Harm)ဖြစ်ရမည်။

**မှတ်စုတို ၁ - အဓိပ္ပာယ်သတ်မှတ်ချက်များ**

**ပဋိပက္ခ** - မတူကွဲပြားသောထင်မြင်ချက်များ (သို့) မူသဘောတရားများကို လက်ကိုင်ထားသောလူများအကြား အတိုက်အခံသဘောထား ကွဲလွဲမှု

**Do No Harm** - ပဋိပက္ခနှင့် အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲပုံတို့အပေါ် အသေးစိတ်လေ့လာဆန်းစစ်ချက်များကို အခြေပြုခြင်းမရှိ၊ သင့်လျော်သော အကာအကွယ်နည်းလမ်းများဖြင့် ဒီဇိုင်းရေးဆွဲခြင်းမရှိပါက အများပိုင်၊ ပုဂ္ဂလိကပိုင်၊ နိုင်ငံတကာနှင့်ပြည်တွင်းအဖွဲ့အစည်း များသည် မရည်ရွယ်ဘဲ ဒေသခံလူထုအတွင်း ပိုင်းခြားကွဲပြားမှုများ(ပဋိပက္ခ) ကို ဖန်တီးစေနိုင်ပြီး အကျင့်ပျက်ခြစားမှုများနှင့် အလွဲသုံးစားပြုမှုတို့အား ပိုမိုဆိုးရွားစေနိုင်ကြောင်းကို အသိအမှတ်ပြု၍ ထိခိုက်မှုမရှိအောင်ချဉ်းကပ်လုပ် ဆောင်သော နည်းစနစ်

**မှတ်စုတို ၂ - မြန်မာနိုင်ငံတွင်းပဋိပက္ခဘေးဒဏ်သင့်လူထုများနှင့်လုပ်ကိုင်ဆောင်ရွက်ခြင်း**

၂၀၁၂ခုနှစ်မှစတင်၍ မြန်မာနိုင်ငံအစိုးရသည် နိုင်ငံအဝှမ်းလူထု ဦးဆောင်သောဖွံ့ဖြိုးရေးအစီအစဉ် (NCDDP) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ၎င်းအစီအစဉ်တွင်ပါဝင်သောလူထုတစ်ခုစီ၏ ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်၊ မျှော်မှန်းချက်များနှင့် ကိုက်ညီသော ဒေသအလိုက်ဖွံ့ဖြိုးရေးစီမံကိန်းများကို ပံ့ပိုးပေးသည့် တစ်နိုင်ငံလုံးအနှံ့ လုပ်ဆောင်သော အစီအစဉ်ဖြစ်သည်။ အမျိုးစုံကွဲပြားပြီး ရှုပ်ထွေးလှသောမြန်မာနိုင်ငံ၏လူမှုနိုင်ငံရေးအနေအထားနှင့် နိုင်ငံအနှံ့အပြားရှိ လက်နက်ကိုင်နှင့် လူမျိုးစု ပဋိပက္ခများစွာတို့ကို ထောက်ရှု၍ အထက်ဖော်ပြပါအအစီအစဉ်ကို အကောင်အထည်ဖော်လုပ်ကိုင်နေသော ပဋိပက္ခဘေးဒဏ်သင့်မြို့နယ်များတွင် သင့်လျော်သောစီမံကိန်းများဆောင်ရွက်နိုင်စေရန်အတွက် NCDPP နှင့် ကမ္ဘာ့ဘဏ်တို့သည် အထူးသီးသန့် နည်းလမ်းများမိတ်ဆက်ပေးရန် ကြိုးပမ်းခဲ့ကြသည်။


ဤသို့ ကြိုးပမ်းရာတွင် အစိုးရနှင့်ကမ္ဘာ့ဘဏ်သည် CDA Collaborative Learning Projectsအဖွဲ့၏ ပဋိပက္ခ၏ ထိလွယ်ရှလွယ်မှုကို လေ့လာသောနည်းစနစ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုကို ရယူခဲ့ကြသည်။ CDAသည် ပဋိပက္ခဘေးဒဏ်သင့် မြို့နယ်များကို သွားရောက်လေ့လာပြီး NCDDP စီမံကိန်းဝန်ထမ်းများအတွက် Do No Harm သင်တန်းပေးခဲ့သည်။ အစိုးရ၏ဖွံ့ဖြိုးရေးစီမံကိန်းများအနေနှင့် တည်ငြိမ်မှုမရှိသောဒေသများတွင် လူထုများနှင့်အစုအဖွဲ့များကြား ပိုင်းခြားမှုများ(သို့)ဆက်စပ်မှုများကို ဖန်တီးစေနိုင်သော အလားအလာအပါအဝင် စီမံကိန်းများ၏တခြားဆက်စပ်သောဝယက်ရိုက်သက်ရောက်များနှင့် ဖြစ်ပေါ်လာနိုင်သော လူထု၏ထင်မြင်

ယူဆချက်များကို ထိုသင်တန်းများတွင် အသိပညာပေးတင်ပြမှုများ ရှိခဲ့သည်။ သင်တန်းများက စီမံကိန်းဝန်ထမ်းများကို မိမိတို့လုပ်ကိုင် သောဒေသ၏ ရေခံမြေခံအခြေအနေအပြင် မိမိတို့အပြုအမူများ၊ ကိုယ်ပိုင်လက္ခဏာနှင့် အထောင်အထည် ဖော်ပုံနည်းလမ်းများ၏ အကျိုးသက်ရောက်မှုများကို အသေအချာလေ့လာဆန်းစစ်တတ်စေပါသည်။

## ခရီးသွားလုပ်ငန်း၊ ပဋိပက္ခနှင့် ငြိမ်းချမ်းရေး

ခရီးသွားလုပ်ငန်း၊ ပဋိပက္ခနှင့် ငြိမ်းချမ်းရေးတို့ ကြားဆက်စပ်မှုကို နီပေါနိုင်ငံ၏ လက်နက်ကိုင်အကြမ်းဖက် ပဋိပက္ခဖြစ်နေစဉ်နှင့် ပဋိပက္ခပြီးနောက်အချိန်အပိုင်းအခြားအတွင်း ခရီးသွားလုပ်ငန်းလည်ပတ်ပုံကို အောက်တွင် သရုပ်ဖော်ပြထားသည်။

**သရုပ်ဖော်ပုံ ၁ - ငြိမ်းချမ်းရေး၊ ပဋိပက္ခနှင့် ခရီးသွားလုပ်ငန်းတို့ကြား အပြန်အလှန်ဆက်နွှယ်မှုကိုပြသော အသိသညာမှုဘောင်**





ဒေသတစ်ခုအတွင်း မငြိမ်မသက်ရှုပ်ထွေးသော ကာလများအတွင်း ခရီးသွားလုပ်ငန်းအတွက် ထိခိုက်မှုများစွာရှိနိုင်သည်။ စစ်ပွဲ၊ လက်နက်ကိုင်ပဋိပက္ခနှင့် (အကြမ်းဖက်မှု၊ရာဇဝတ်မှုထူပြောခြင်း၊ နိုင်ငံရေးမငြိမ်မသက်ဖြစ်ခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကဲ့သို့သော) အခြားပြည်တွင်းရေး မတည်ငြိမ်မှုများသည် ဒေသခံလူထုအတွက် ခရီးသွားလုပ်ငန်းက ယူဆောင်လာနိုင်သော ကောင်းမွန်သည့်အကျိုးရလဒ်များနှင့် စီးပွားရေးအခွင့်အလမ်းများကို လုံးဝမဟုတ်တောင်မှ တစ်စိတ်တစ်ဒေသအားဖြင့် အတားအဆီးဖြစ်စေနိုင်သည်။ ပဋိပက္ခသည် ဒေသတချို့တွင်သာ ကန့်သတ်ဖြစ်ပွားသော်လည်း မီဒီယာဖော်ပြချက်များကြောင့် နိုင်ငံတကာခရီးသည်များ၏ ဘေးကင်းလုံခြုံရေး ဆိုင်ရာ ထင်မြင်ယူဆချက်များက နိုင်ငံတစ်ခုလုံး (သို့) ခရီးသွားများ၏ သွားရောက်လည်ပတ်နိုင်သောနေရာများကိုပါ အပျက်သဘောသက်ရောက်မှုများရှိနိုင်သည်။ ထို့ကြောင့် ခရီးသွားဧည့်သည်များဝင်ရောက်မှု သိသိသာသာလျော့နည်းနိုင်ပြီး ထိုနိုင်ငံ၏ ငြိမ်းချမ်းသောဒေသများ အတွင်း ဖွံ့ဖြိုးရေးအခွင့်အလမ်းများကိုပါ အနှောင့်အယှက်ဖြစ်စေနိုင်သည်။

ဆန့်ကျင်ဖက်အနေနှင့် ငြိမ်းချမ်းရေးသတင်းစကားများကို ဈေးကွက်အတွင်းရရှိလျှင် နိုင်ငံတကာဧည့်သည်များက သွားရောက်လည်ပတ်နိုင်သောနေရာသည် လာရောက်လည်ပတ်ရန် ဘေးကင်းလုံခြုံမှုရှိသည်ဟု ယုံကြည်မှုရှိကြသည်။ ရလဒ်အနေ နှင့် ဝယ်လိုအား မြင့်တက်နိုင်ပြီး၊ အများပိုင်နှင့် ပုဂ္ဂလိက အခြေခံဆောက်အအုံများ (ဥပမာ-လေဆိပ်၊ ပင်လယ် ဆိပ်ကမ်း၊ လမ်း၊ ပြတိုက်၊ အများသုံးနေရာများ၊ ဟိုတယ်များ၊ အပန်းဖြေစခန်းများ) ၊ ဒေသခံလူများအတွက် ပညာရေးနှင့် သင်တန်းအခွင့်အလမ်းများ၊ ဇီဝမျိုးစိတ်မျိုးစုထိန်းသိမ်းခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်

အသက်သွင်းခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ အသိပညာပေးမှုနှင့် သည်းခံနိုင်မှုကို တိုးမြှင့်ပေးခြင်း တို့တွင် အပြောက်အများ ရင်းနှီးမြှုပ်နှံမှုဖြစ်ပေါ်လာစေနိုင်သည်။

### သရုပ်ဖော်ပုံ ၂ - အားလုံးပါဝင်ခြင်း၊ ဖယ်ထုတ်ချန်လှပ်ခြင်း၊ သီးသန့်ခွဲခြားခြင်း၊ပေါင်းစည်းစေခြင်း




ထိလွယ်ရှလွယ်အနေအထားဖြစ်သော ပဋိပက္ခအလွန်ကာလဖြတ်သန်းနေရသောဒေသများတွင် စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း အသစ်များဖန်တီးပေးရန်အတွက် ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးရေးမူဝါဒဆိုင်ရာ အစီအစဉ်တစ်ရပ်အနေဖြင့် မကြာခဏအသုံးပြုကြသည်။ ဤအခွင့်အလမ်းများသည် ယခင်ကတကွဲတပြား ဖြစ်နေသောလူ့အသိုက်အဝန်းများတွင် ငြိမ်းချမ်းရေးနှင့် လူမှုရေးရာပါဝင်မှုများကို တိုးမြှင့်ထိန်းသိမ်းပေးရာ၌ အရေးကြီးသော အခန်းကဏ္ဍမှပါဝင်သည်။ ငြိမ်းချမ်းရေး (အထိုက်အလျောက်ငြိမ်းချမ်းမှုအခြေအနေ) သည် ဝင်ငွေနည်းသော ဖိနှိပ်ခံအုပ်စုများအပါအဝင် အများအတွက် အသက်မွေးဝမ်းကျောင်းအခြေအနေတိုးတက်မှုကို တစ်ပါတည်း ယူဆောင်လာနိုင်သည်ဟု ဒေသခံလူထုအစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာဖွံ့ဖြိုးရေး အဖွဲ့များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများအနေနှင့် မျှော်လင့်၍ရနိုင်သည်။

ကင်ညာ၊နိုင်ဂျီးရီးယားနှင့် အိန္ဒိယနိုင်ငံများမှ အတွေ့အကြုံများကို အခြေခံ၍ ခရီးသွားလုပ်ငန်းမှ ငြိမ်းချမ်းရေးကို တိုးမြှင့်ပြီးဆင်းရဲမွဲတေမှုလျော့ချနိုင်ပုံကိုလေ့လာသော အမေရိကန်ငြိမ်းချမ်းရေး အင်စတီကျု (USIP) ကပြုလုပ်သည့် သုတေသနတွင် အောက်ပါအဓိကအချက်(၄)ချက်ကို ဖော်ပြထားသည်။

၁။အထိုက်အလျောက်ငြိမ်းချမ်းမှုအခြေအနေနှင့်အတိုင်းအတာတစ်ခုထိစီးပွားရေးဖွံ့ဖြိုးမှုသည် ခရီးသွား လုပ်ငန်းတစ်ခု အောင်မြင်မှုရရှိရန် မရှိမဖြစ်လိုအပ်သည်။

၂။ ခရီးသွားလုပ်ငန်းသည် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်ပေးနိုင်စွမ်းရှိသော်လည်း အသေအချာ စီမံဆောင်ရွက်မှုမရှိပါက ထိခိုက်နစ်နာမှုအကြီးအကျယ်ဖြစ်စေနိုင်သည်။

၃။ အကောင်းဆုံးအကျိုးကျေးဇူးများခံစားနိုင်စေရန်အတွက် ခရီးသွားလုပ်ငန်းသည် သဘာဝပတ်ဝန်းကျင်ကို လေးစားမှုရှိပြီး ယဉ်ကျေးမှုနှင့်လူမှုရေးအပြောင်းအလဲများကို မျက်ခြည်မပြတ်ရှိနေရမည်။

၄။ ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးဆဲစီးပွားရေးစနစ်များကို များစွာအကျိုးပြုနိုင်သော်လည်း အပြည့်အဝလည်ပတ်သော ခရီးသွားလုပ်ငန်းကဏ္ဍတစ်ခုတည်ဆောက်ရန်မှာ အများပိုင်လုပ်ငန်းကဏ္ဍအစီအစဉ်များ၊ မူဝါဒဖွဲ့စည်းပုံများ၊ ဥပဒေ၊ စည်းမျဉ်းနှင့်စံသတ်မှတ်ချက်များအပြင် အများပိုင်နှင့် ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများ၊ အခြေခံအဆောက်အအုံ၊ရင်းနှီးမြှုပ်နှံမှု၊ဝန်ဆောင်မှုနှင့် ထုတ်ကုန်များစသည်တို့၏ အထောက်အပံ့ပေါင်းစုံလိုအပ်သည်။

"ခရီးသွားလုပ်ငန်းနှင့်ပဋိပက္ခ"ဆိုသော သဘောတရားသည် လည်ပတ်နိုင်သောဒေသအသစ်များနှင့်ဒေသခံလူထုအသစ်များသို့ ဝင်ရောက်မည့် ခရီးသွားဧည့်သည်များ(သို့)ခရီးသွားလုပ်ငန်းကုမ္ပဏီများအတွက် ဆက်စပ်သက်ဆိုင်သည်။ အပန်းဖြေစခန်းတည်ထောင်ခြင်း၊ အချက်အချာကျသော လေယာဉ်ကွင်းတည်ဆောက်ခြင်း၊ ပင်လယ်ဆိပ်ကမ်း (သို့) ပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်းတည်ဆောက်ခြင်း အစရှိသော အကြီးစား(သို့)အရင်းအနှီးများပြားသော ခရီးသွား လုပ်ငန်းဆိုင်ရာဖွံ့ဖြိုးစေမှုများသည် စနစ်တကျစီမံခန့်ခွဲမှုမရှိလျှင် အောက်ပါ မလိုလားအပ်သော အကျိုးရလဒ်များစွာကို ဖြစ်ပေါ်စေနိုင်သည်။

- လယ်ယာမြေအသိမ်းခံရခြင်း၊ နစ်နာကြေးပေးလျော်မှုမရှိခြင်း၊ဒေသခံလူများရွှေ့ပြောင်းနေရာချထားခံရခြင်း
- ရိုးရာအသက်မွေးဝမ်းကျောင်းနှင့်ယဉ်ကျေးမှုအမွေအနှစ်များဖျက်ဆီးခံရခြင်း(လက်ဆုပ်လက်ကိုင်ပြနိုင်သည်များရှိသလိုမပြနိုင်သည်များလည်းရှိသည်)
- သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်း(ဥပမာ-အမှိုက်သရိုက်စွန့်ပစ်ခြင်း၊သဲမြေများထုတ်ယူသုံးစွဲခြင်း၊ရေအရင်းအမြစ်များအလွန်အကျွံသုံးစွဲခြင်း)
- လုပ်ငန်းလုံခြုံမှု(သို့)မိသားစုများအတွက်လူမှုရေးကာကွယ်ပေးမှုနည်းသော(သို့)လုံးဝမရှိသောခေါင်းပုံဖြတ်အမြတ်ထုတ်သောအလုပ်အကိုင်များ (ဥပမာ-ကလေးလုပ်အားအသုံးပြုခြင်း၊တောင်းရမ်းပေးရခြင်း၊မိဘမဲ့ကလေးဂေဟာသို့ပို့ဆောင်ပေးသောခရီးသွားလုပ်ငန်း၊လိင်ဖျော်ဖြေရေးခရီးသွားလုပ်ငန်း)
- စနစ်တကျလုပ်အားပေးရန်အတွက်စွမ်းဆောင်ရည်ပြည့်ဝမှုမရှိခြင်း
- တစ်ဦးချင်း(သို့)အသိုင်းအဝိုင်းအလိုက်ပေါင်းစည်းမှုအတွက် တစ်ယောက်ချင်း(သို့)လူထုအတွင်းမျှော်လင့်ချက်လျော့နည်းလာခြင်း
- လွတ်လပ်စွာဆန္ဒထုတ်ဖော်ခြင်း၊မကျေနပ်ချက်အတွက်တိုင်ကြားမှုယန္တရားများနှင့်အားလုံးပါဝင်နိုင်သောဆုံးဖြတ်ချက်ချမှတ်ခြင်းတို့အတွက်အခွင့်အရေးကန့်သတ်ချက်များရှိလာခြင်း

**ဖြစ်စဉ်လေ့လာချက် ၁ - မြန်မာနိုင်ငံတွင်း ဟိုတယ်လိုင်စင်ထုတ်ပေးခြင်း**

*မြန်မာနိုင်ငံရှိဟိုတယ်များနှင့်တည်းခိုခန်းများအတွက် ကန့်သတ်ချက်များသောလက်ရှိလိုင်စင်လိုအပ်ချက်များသည် နိုင်ငံခြားခရီးသည်အရေအတွက်များလာသောဒေသများတွင် ပဋိပက္ခဖြစ်ပွားစေနိုင်သည်။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏တည်းခိုခန်းဆိုင်ရာထုတ်ပြန်ချက် ၂/၂၀၁၁အရ တည်းခိုးခန်းများသည်*

*နိုင်ငံခြားဧည့်သည်များအတွက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနလိုင်စင်ရရှိနိုင်ရန် အဆောက်အဦးဘေးကင်းလုံခြုံရေးလိုအပ်ချက်များအပြင် အနည်းဆုံးအခန်း(၁၀)ခန်းတစ်ဆက်တည်းထားရှိရန် လိုအပ်သည်။ လောလောဆယ်ရရှိရန်ခက်ခဲသော ညအိပ်တည်းခိုနိုင်ပြီး နံနက်စာပါဝင်သောတည်းခိုခန်း (B&B)လိုင်စင်သည်ပင် ပင်မအဆောက်အပြင် သီးသန့်အဆောက်အဦးတစ်ခုတွင် အခန်း(၄)ခန်းထားရှိရန် လိုအပ်သည်။*

*တည်းခိုးခန်းများဆောက်လုပ်ရန် လိုအပ်သောမြေပမာဏရှိပြီး၊ မြန်မာနှင့်နိုင်ငံခြားခရီးသည်များကို ဝန်ဆောင်မှုပေးရန်အတွက် ခရီးသွားလုပ်ငန်းနယ်ပယ်သို့ဝင်ရောက်လိုသော ဒေသခံလူများသည် ချက်ချင်းလက်ငင်းအခန်း(၁၀)ခန်းပါသောတည်းခိုခန်းတည်ဆောက်ရန် အရင်းအနှီးအလုံအလောက်မရှိကြပေ။ သို့သော်လည်း ရင်းနှီးမြှုပ်နှံမှုအောင်မြင်ပါက ဒေသခံစီးပွားရေးလုပ်ငန်းရှင်များသည် ရိုးရှင်းသော်လည်းလုံခြုံစိတ်ချရသောအခန်းအနည်းငယ်ကို ဆောက်လုပ်ပြီး တဖြည်းဖြည်းချဲ့ထွင်နိုင်ပေလိမ့်မည်။*

*လိုင်စင်ကန့်သတ်ချက်များကြောင့်ဖြစ်ပေါ်သောအတားအဆီးများစွာကြောင့် တချို့ဒေသခံများသည် မိမိတို့၏မြေကွက်များအား ကိုယ့်အသိုင်းအဝိုင်းပြင်ပမှဈေးကစားသူများကိုသာ ဈေးကြီးကြီးဖြင့်ရောင်းချရန် ဆုံးဖြတ်တတ်ကြသည်။ ဤအနေအထားသည် ပဋိပက္ခကို နှိုးဆွပေးနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ခရီးသွားလုပ်ငန်း၏အကျိုးအမြတ်များသည် ပြင်ပလူများထံသို့သာရောက်ရှိပြီး မိမိတို့မှာ ဘိုးဘွားပိုင်မြေယာထဲမှမြင့်မားသောဈေးနှုန်းများနှင့်ကြိုးနီစနစ်ဆိုးတို့ကြောင့် (စီးပွားရေးလုပ်ငန်းမှ)ဖယ်ထုတ်ခံရသည်ဟုဒေသခံလူထုအနေနှင့် ခံစားရနိုင်သောကြောင့်ဖြစ်သည်။*

ဒေသအတွင်း လာရောက်သော ခရီးသွားဧည့်သည်အနည်းငယ်နှင့်သာလုပ်ကိုင်သည့်အသေးစားလုပ်ငန်းကုမ္ပဏီများ သည်လည်း မိမိတို့လုပ်ငန်း၏အကျိုးသက်ရောက်မှုသည် ကြားနေသဘောမဆောင်သည်ကို သတိပြုကြရမည်။ ခရီးသွားဧည့်သည်များ ဘယ်မှာစားသောက်သလဲ၊ဘယ်မှာရပ်တန့်နားခိုသလဲ၊ ဘယ်သူ့ဆီက ထုတ်ကုန်တွေကို ဝယ်ယူသလဲ၊ ဘယ်မှာညအိပ်တည်းခိုသလဲစသော လူမှုအကျိုးသက်ရောက်မှုများသည် လူထု အတွင်း တချို့လူများကို တခြားသူများထက် အကျိုးအမြတ်ရစေနိုင်သည်။ ဒေသအခြေအနေတစ်ခု၌ ပဋိပက္ခဖြစ်တည်မှုရှိပါက ကုမ္ပဏီတစ်ခု၏လုပ်ဆောင်ချက်များသည်ဒေသခံလူထုအတွင်း ဖြစ်ရပ်အဖုံဖုံအပေါ်တွင် အကောင်းဖက်သို့ဖြစ်စေ၊ အဆိုးဖက်သို့ဖြစ်စေ အကျိုးသက်ရောက်မှုပိုမိုဖြစ်ပေါ်စေနိုင်သည်။

**မှတ်စုတို ၃ -ဒါပေမယ့်၊ ကျွန်ုပ်တို့က ပဋိပက္ခဒေသတွေမှာ အလုပ်လုပ်တာမှ မဟုတ်ပဲ။**

*ခရီးသွားလုပ်ငန်းကုမ္ပဏီအများစုသည် မိမိတို့အနေနှင့် ပဋိပက္ခဖြစ်ပွားသောဒေသအခြေအနေများတွင် အလုပ်လုပ်နေခြင်းမဟုတ်ကြောင်း ယူဆတတ်ကြသည်။ သို့ရာတွင် ပဋိပက္ခသည် အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် တည်ရှိနေတတ်သည်။ ခရီးသွားလုပ်ငန်းကုမ္ပဏီများသည် အောက်ပါအချက်များကို အထူးနားလည်သိရှိထားသင့်သည်။*

***အကြီးစားနှင့်အသေးစားပဋိပက္ခများ** - အကြီးစားနှင့်အသေးစားပဋိပက္ခ၏ အကြောင်းရင်းများတွင် ဆင်းရဲမွဲတေမှု၊လူမှုရေးနှင့်နိုင်ငံရေးဖိနှိပ်ချုပ်ချယ်မှု၊ တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ အခွင့်ကောင်းယူဝါဒထွန်းကားခြင်း၊ ဂိုသမလောဘနှင့်အာဏာယုဉ်ပြိုင်မှုများစသော အခြခံကျပြီးအမြစ်တွယ်ရှည်ကြာနေသောပြဿနာများ ပါဝင်သည်။ **ဤ**အခြေအနေများတွင် ပဋိပက္ခသည် အောက်ပါပုံစံများဖြင့် ဖြစ်ပွားနိုင်သည်။*

*က) လူမှုရေး(သို့)နိုင်ငံရေးမငြိမ်မသက်ဖြစ်မှု(အနာဂတ်တွင် အကြမ်းဖက်မှုဖြစ်ပွားစေနိုင်သောအရိပ်လက္ခဏာများအပါအဝင်)*
*ခ) ပြည်တွင်းစစ်များ၊ လက်နက်ကိုင်ပုန်ကန်မှုများ၊ နိုင်ငံများအကြားစစ်ပွဲများနှင့် အခြားသောစနစ်တကျအကြမ်းဖက်မှုများနှင့်*
*ဂ) အကြမ်းဖက်ပဋိပက္ခမှ ငြိမ်းချမ်းရေးသို့ အကူးအပြောင်းအခြေအနေ(ပဋိပက္ခတကျော့ပြန်လည်ကျရောက်နိုင်သောအနေအထား)*

*__ကုမ္ပဏီနှင့်လူထုကြား ပဋိပက္ခ__ - ပဋိပက္ခသည် ကုမ္ပဏီနှင့် ဒေသခံလူထုအကြား ဆက်ဆံရေးအခြေအနေ၏ (တိုက်ရိုက်/တစ်ဆင့်ခံ)အကျိုးဆက်တစ်ရပ်အနေနှင့် ပေါ်ပေါက်လာနိုင်သည်။ ကုမ္ပဏီတစ်ခု၏လုပ်ရပ်များသည် တည်ရှိဆဲတင်းမာမှုများကို အရှိန်မြှင့်စေနိုင်သလို တင်းမာမှုအသစ်များကိုလည်း ဖန်တီးပေးတတ်သည်။ ဥပမာအားဖြင့် ဟိုတယ်ဖုံကြီးများသည် မြေကွက်များကို ယခင်ကပိုင်ဆိုင်ခဲ့ဖူးသောဒေသခံလူများနှင့် တင်းမာမှုဖြစ်ပွားစေနိုင်သည်။ ထို့ပြင် ဆက်လက်၍ မြေကွက်ပိုင်ဆိုင်မှု(သို့)အသုံးပြုမှုဆိုင်ရာအခွင့်အရေးများ၊ဆင်းရဲမွဲတေမှုနှင့်တရားမျှတမှုမရှိခြင်းဆိုင်ရာ ယခင်ကပင်တည်ရှိသောတင်းမာမှုများကို ထပ်မံဆိုးရွားစေနိုင်သည်။*

*မတူကွဲပြားသောပဋိပက္ခအမျိုးအစားများသည် ထိခိုက်မှုအန္တရာယ်လျော့ချရေးနည်းဗျူဟာအမျိုးမျိုးကို လိုအပ်သည်။ __ဤ__ပဋိပက္ခများအတွက် လက်ငင်းအမြန်ရဖြေရှင်းနည်းလည်းမရှိပါ။ ကုမ္ပဏီတစ်ခုအနေနှင့် ၎င်းတို့ကို တသီးပုဂ္ဂလကိုင်တွယ်ဖြေရှင်းနိုင်စွမ်းမရှိသလို ဖြေရှင်းရန်လည်းမကြိုးပမ်းသင့်ပါ။ သို့သော်လည်း Do No Harm နည်းလမ်းကိုအသုံးချခြင်းဖြင့် တင်းမာမှုအနေအထားများကို ပိုမိုနားလည်သိရှိနိုင်ပြီး ၎င်းတို့ကို ပိုမိုဆိုးရွားမလာနိုင်အောင် ရှောင်ရှားမှုပြုနိုင်သည်။*

## မြန်မာနိုင်ငံအခြေအနေနှင့် Do No Harm

Do No Harmသည် ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်နေသောကုမ္ပဏီများအတွက်သာ "လုပ်ဆောင်သင့်သောအရာ"တစ်ခုမဟုတ်ပါ။ သဘာဝပတ်ဝန်းကျင် အခြေပြု ခရီးသွား လုပ်ငန်းမူဝါဒနှင့် စီမံခန့်ခွဲရေးဗျူဟာ၊ ခရီးသွားလုပ်ငန်းတွင်လူထုပူးပေါင်းပါဝင်မှုမူဝါဒ(၂၀၁၃)(အောက်ပါပုံကိုကြည့်ပါ) စသော ခရီးသွားလုပ်ငန်း ကဏ္ဍအတွက်မြန်မာအစိုးရ၏ တည်ဆဲအစီအစဉ်များတွင် Do No Harm ကို အဓိက ကျင့်သုံးရေးမူ တစ်ရပ်အဖြစ် အလေးပေးဖော်ပြထားသည်။

သရုပ်ဖော်ပုံ ၃ - ခရီးသွားလုပ်ငန်းတွင် လူထုပူးပေါင်းပါဝင်မှုဆိုင်ရာပေါ်လစီအတွက် Do No Harmချဉ်းကပ်ပုံနည်းလမ်း



**ဖြစ်စဉ်လေ့လာချက် ၂ - လူထုအခြေပြုခရီးသွားလုပ်ငန်း(CBT)အစီအစဉ်တွင် DNHနည်းလမ်းကို လက်တွေ့အသုံးချခြင်း**

*၂၀၁၅ခုနှစ်တွင် အင်းသားမျိုးနွယ်စုမှ ခရီးသွားလုပ်ငန်း ကုမ္ပဏီပိုင်ရှင်တစ်ယောက် ရှမ်းပြည်နယ်မှ ရွာကလေးတစ်ရွာတွင် ခြေလျင်တောင်တက်နားနေစခန်းများဆောက်လုပ်ရန် စီစဉ်ခဲ့သည်။ သို့ရာတွင် ထိုကျေးရွာအတွင်း ပအို့ဝ်CBTစီမံကိန်းဆောင်ရွက်မည်ဟု သိရှိလိုက်ရသောအခါ ပဋိပက္ခဖြစ်နိုင်ခြေကိုရှောင်ရှားရန် စီမံကိန်းနေရာကိုပြောင်းလဲဖို့ဆုံးဖြတ်လိုက်သည်။ သို့မဟုတ်လျှင် ဒေသခံပအို့ဝ်လူထုနှင့်ခေါင်းဆောင်များ ၏ထောက်ခံမှုကို ရရှိရန် အခက်အခဲရှိနိုင်သည်။*

*ထိုကုမ္ပဏီပိုင်ရှင်သည်နားနေစခန်းများဆောက်လုပ်မည့် ကျေးရွာအသစ်တစ်ခုကို ရှာဖွေကာ ထိုကျေးရွာရှိအမိကရပ်မိရပ်ဖများ ၊ရပ်သူရွာသားများနှင့်တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့သည်။ ရွာသားတစ်ဦးပိုင်ဆိုင်သောမြေပေါ်တွင် ခြေလျင်တောင်တက်နားနေစခန်းများတည်ဆောက်ပြီး စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးသဘောတူညီမှုရယူခဲ့ကြသည်။ ရွာကျောင်းဆရာတော်၊ရပ်ရွာကော်မတီအဖွဲ့ဝင်များနှင့်*

*ရှေ့နေတစ်ဦးတို့က မျက်မြင်သက်သေအဖြစ် ဆောင်ရွက်ခဲ့ကြသည်။*

*ထို့အပြင် အလုပ်အကိုင်အခွင့်အလမ်းများနှင့်ကျေးရွာ ရံပုံငွေအတွက်ညှော်သည်အရေအတွက်အလိုက်အကောက်ခွန်ငွေခွဲဝေပေးခြင်းစသော အကျိုးအမြတ်ဖြန့်ဝေခြင်းဖြစ်စဉ်ကို ရပ်ရွာလူထုနှင့် ရှင်းရှင်းလင်းလင်း၊ပွင့်လင်းမြင်သာစွာ ဆက်သွယ်ပြောဆိုခဲ့သည်။*

*ထိုကျေးရွာတွင် တိုင်းရင်းသားမျိုးနွယ်စုများစွာ နေထိုင်ကြသဖြင့် လုပ်ငန်းပိုင်ရှင်သည် ကုမ္ပဏီ၏လုပ်ဆောင်ချက်များတွင် အားလုံးပါဝင်နိုင်မှုရှိစေရန် အသေအချာစီစဉ်ခဲ့သည်။ နားနေစခန်းသုံးခုကို တောင်ရိုး၊ပအို့နှင့်အင်းသားမျိုးနွယ်စုသုံးခု၏ရိုးရာပုံစံအတိုင်း စခန်းတစ်ခုကျစီတည်ဆောက်ခဲ့သည်။ ထိုနည်းတူပင် အလုပ်သမားများကိုလည်း မျိုးနွယ်စုသုံးခုလုံးမှ ကိုယ်စားပြုနိုင်အောင် မျှမျှတတရွေးချယ်ခန့်အပ်ခဲ့သည်။*

**ဖြစ်စဉ်လေ့လာချက် ၃ - Do No Harm(DNH)လုပ်ရာတွင် ဧည့်လမ်းညွှန်များ၏ အရေးကြီးသောအခန်းကဏ္ဍ**

*DNHနည်းလမ်းသည် ခရီးသွားလုပ်ငန်း ကုမ္ပဏီများအတွက်သာမက ဧည့်လမ်းညွှန်များနှင့်လည်း သက်ဆိုင်သည်။ ဧည့်လမ်းညွှန်များတွင် ခရီးသွားဧည့်သည်များနှင့်လူထုအကြား အဓိပ္ပာယ်ရှိသောတွေ့ဆုံမှုများဖြစ်ပေါ်စေရေးအတွက် ပဏာမတာဝန်ရှိသောကြောင့်ဖြစ်သည်။*

*ဧည့်လမ်းညွှန်တစ်ယောက်၏အဓိကတာဝန်မှာ ခရီးသွားဧည့်သည်များကိုဒေသအလှအပနေရာများနှင့်လူနေမှုဓလေ့များကိုတွေ့ကြုံခံစားစေရင်း ဧည့်သည်များအတွက်ဘေးကင်းလုံခြုံမှုရှိစေရန် စီမံပေးခြင်းဖြစ်သည်။ ရပ်ရွာလူထုများနှင့် တာဝန်ယူ၊တာဝန်ခံမှုရှိသောပတ်သက်ဆက်ဆံမှု ဖန်တီးရာတွင် ဧည့်လမ်းညွှန်များသည် အဓိကအခန်းကဏ္ဍမှပါဝင်ကြရသည်။ ဥပမာအားဖြင့် ခရီးသွားဧည့်သည်များအား မိမိတို့ကိုကော်မရှင်ကြေးပေးသောစားသောက်ဆိုင်/အမှတ်တရပစ္စည်းဆိုင်များသို့သာ ဧည့်လမ်းညွှန်များက ခေါ်ဆောင်သွားမည်ဆိုပါကဒေသခံလူထုအတွင်း မညီမျှသောအကျိုးအမြတ်ဖြန့်ဝေမှုကို ဖြစ်လာစေနိုင်ပြီး တင်းမာမှုများကို ကြီးထွားလာစေနိုင်သည်။*

*ခရီးသွားလုပ်ငန်းကုမ္ပဏီများသည် အသေအချာသင်တန်းရရှိထားသော ဧည့်လမ်းညွှန်များကိုသာ အားကိုးအားထားပြုသင့်သည်။ ခရီးသွားဧည့်သည်များသည်လည်း ပြီးစလွယ်မလုပ်ဘဲ လိုင်စင်ရဧည့်လမ်းညွှန်များနှင့်ခရီးသွားလုပ်ငန်းကုမ္ပဏီများကိုသာ အမြဲတမ်းအသုံးပြုသင့်သည်။*

*၂၀၁၆ ဧပြီလတွင် ဂျာမန်လူမျိုး ခြေလျင်တောင်တက်သမားနှစ်ဦးသည် သီပေါမှကျောက်မဲသို့သွားရာလမ်းတွင် မြေမြှုပ်မိုင်းပေါက်ကွဲ၍ ဒဏ်ရာအနာတရဖြစ်ခဲ့ကြသည်။*

*ထိုဧည့်သည်များသည် ကန့်သတ်နယ်မြေအတွင်း ခြေလျင်တောင်တက်ခြင်း၏ဘေးအန္တရာယ်များအကြောင်းကို သိကျွမ်းနားလည်မှုမရှိသော အရည်အချင်းမပြည့်မီသည့်ဧည့်လမ်းညွှန်နှင့် ခရီးသွားခဲ့ကြခြင်းဖြစ်သည်။ ဤဖြစ်ရပ်ကို ကြည့်ခြင်းဖြင့် ဒေသန္တရဗဟုသုတနှင့်ပြည့်စုံသော ရော်ဖက်ရှင်နယ်ဧည့်လမ်းညွှန်များ၏ အရေးပါပုံကိုနားလည်နိုင်သည်။*

## Do No Harmနည်းလမ်းကို လက်တွေ့အသုံးချခြင်း

ဤလမ်းညွှန်စာအုပ်၏ လက်တွေ့အပိုင်းကို Do No Harmနည်းလမ်း၏ အဆင့်(၄)ဆင့်အတိုင်း အစဉ်လိုက်ဖွဲ့စည်း စီစဉ်ထား သည်။ (အောက်ပါသရုပ်ဖော်ပုံကိုကြည့်ပါ။)

ခရီးသွားလုပ်ငန်းကုမ္ပဏီများနှင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင်းမှအခြားအစုအဖွဲ့များ (ဧည့်လမ်းညွှန်များ၊ နေရာထိုင်ခင်းပိုင်ရှင်များ၊အန်ဂျီအိုများနှင့်ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ)အနေနှင့် Do No Harm နည်းလမ်းကို မည်သို့မည်ပုံအသုံးချနိုင်သည်ကို ကဏ္ဍတစ်ခုစီတွင် ဖော်ပြထားသည်။ လက်တွေ့အသုံးချနိုင်သောဇယားပုံစံများ၊ အကြံပြုချက်များနှင့် ဖြစ်စဉ်လေ့လာချက်များကိုလည်းဂေဂေဆာဆာထည့်သွင်းဖော်ပြထားပါသည်။

ဖြည့်စွက်ချက်များတွင် Do No Harm အတွက်လုပ်စရာစာရင်း-checklist (ဖြည့်စွက်ချက် ၁) အပြင် လူထု ပူးပေါင်းပါဝင်မှုအတွက်အပြုသဘောနည်းလမ်းဆိုင်ရာလမ်းညွှန်ချက်(ဖြည့်စွက်ချက် ၂)တို့ကို လေ့လာနိုင်သည်။

သရုပ်ဖော်ပုံ ၄ - Do No Harmလမ်းစဉ်၏ အဆင့်(၄)ဆင့်



## အဆင့်(၁) - ရေခံမြေခံအခြေအနေကို လေ့လာဆန်းစစ်ခြင်း

Do No Harm နည်းလမ်းကို လက်တွေ့အသုံးချလိုသော(ပဋိပက္ခ ၏ ထိလွယ်ရှလွယ်မှုကို အလေးထားဆောင်ရွက် လိုသော) မည်သူမဆို ပထမအဆင့်အနေဖြင့် ခရီးသွားလုပ်ငန်းအစီအစဉ်ကို လုပ်ဆောင်မည့်ဒေသ၏ ရေခံမြေခံနောက်ခံအခြေအနေကိုနားလည်သိရှိနိုင်ရန် လေ့လာ ဆန်းစစ်မှု ပြုလုပ်ရမည်။

ဒေသ၏ရေခံမြေခံနောက်ခံ အခြေအနေကိုလေ့လာဆန်းစစ်ခြင်းသည် ဒေသတွင်းလူထုနှင့် လုပ်သားအင်အား မည်သို့အနေအထားရှိသည်ကို နားလည်နိုင်ဖို့အတွက် အခရာကျပြီး မိမိ၏ ခရီးသွားလုပ်ငန်းအစီအစဉ်က ထိုလူထုနှင့် မည်သို့အပြန်အလှန်သက်ရောက်ဆက်နွှယ်မှုရှိနိုင်မည်ကိုလည်း နားလည်သဘောပေါက်စေနိုင်သည်။ မိမိအနေနှင့် ဒေသအခြေအနေကို ရင်းနှီးကျွမ်းဝင်မှုရှိလျှင်တောင်မှ မတူကွဲပြားသောအစုအဖွဲ့များသည် အခြေအနေ တစ်ခုတည်းပင်ဖြစ်သော်ငြားလည်း ကွဲပြားခြားနားသောသဘောထားအမြင်များ လက်ကိုင်ထားနိုင်ခြေရှိသည့်အတွက် လေ့လာဆန်းစစ်မှုပြုခြင်းသည် အကျိုးရှိသည်သာဖြစ်သည်။

### ဘာကြောင့်လုပ်ရတာလဲ

ရေခံမြေခံအခြေအနေကို လေ့လာဆန်းစစ်ခြင်းသည် -

- အစိုးရနှင့်သက်ဆိုင်ရာပြည်နယ်/တိုင်းအလိုက် ခရီးသွားလုပ်ငန်းဆိုင်ရာ ချမှတ်ထားသောအစီအစဉ်များ၊ဥပဒေများ၊မူဝါဒများနှင့် ကိုက်ညီမှုရှိသည်။
- မိမိလုပ်ငန်းဆောင်ရွက်သောလူထုနှင့် အနာဂတ်အတွက်အပြုသဘောဆောင်သော ပတ်သတ်ဆက်ဆံမှုဖြစ်ပေါ်လာစေရန် အခြေခံကောင်းတစ်ခု တည်ဆောက်ပေးရာကျသည်။
- ဒေသခံလူထုနှင့်လုပ်သားအင်အားကို အကျိုးဖြစ်ထွန်းစေသည့် အားလုံးပါဝင်နိုင်သောစီးပွားရေးနည်းလမ်းများကို ဖော်ဆောင်နိုင်စေသည်။
- မိမိ၏စီးပွားရေးလုပ်ငန်းစဉ်များက လူထုနှင့်လုပ်သားများအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိလာနိုင်သည်ကို သိရှိနားလည်စေနိုင်သည်။
- တင်းမာမှုအခြေအနေများ(သို့)ပဋိပက္ခကို ကြီးထွားလာစေနိုင်သည့်ဘေးအန္တရာယ်အား လျော့ချစေနိုင်မည့်ရွေးချယ်စရာနည်းလမ်းများကို ဖော်ထုတ်လာနိုင်သည်။

**မှတ်စုတို ၄ - မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းဆိုင်ရာပေါ်လစီများ**

*ခရီးသွားလုပ်ငန်းဆိုင်ရာလွှမ်းခြုံရေးဆွဲထားသောစီမံချက်(၂၀၁၃-၂၀၂၀)*

www.harrison-institute.org/Myanmar%20Tourism%20Master%20Plan%202013-2020.pdf

*တာဝန်ယူ၊တာဝန်ခံမှုရှိသောခရီးသွားလုပ်ငန်းပေါ်လစီ*

www.hss.de/fileadmin/media/downloads/Berichte/121015_Myanmar_Tourism_English.pdf

***ခရီးသွားလုပ်ငန်းတွင်လူထုပူးပေါင်းပါဝင်မှုဆိုင်ရာပေါ်လစီ***
*www.harrison-institute.org/Community%20Involvement%20Tourism%20in%20Myanmar.pdf*
***မြန်မာနိုင်ငံ၏သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းပေါ်လစီနှင့် စီမံခန့်ခွဲမှုနည်းဗျူဟာ(၂၀၁၅-၂၀၂၅)***
*www.gms-eoc.org/uploads/resources/670/attachment/Myanmar%20Ecotourism%20Policy.pdf*

## ဘာတွေကို လုပ်ရမှာလဲ

လေ့လာဆန်းစစ်မှုတစ်ခုကိုပြုလုပ်နိုင်သည့်မတူကွဲပြားသောနည်းလမ်းအသွယ်သွယ်ရှိသည်။ ဒေသခံ လူထုကဲ့သို့သော ရေခံမြေခံနောက်ခံအခြေအနေတစ်ရပ်တွင်တည်ရှိသည့် ဆက်ဆံရေးအနေအထားများကို အဓိကလေ့လာသော "ပိုင်းခြားစေသောအရာများနှင့် ဆက်စပ်စေသောအရာများကိုလေ့လာဆန်းစစ်မှု"ကို Do No Harmနည်းလမ်းတွင် အသုံးပြုသည်။

သို့ရာတွင် ပိုင်းခြားစေသောအရာများနှင့် ဆက်စပ်စေသောအရာများကိုလေ့လာဆန်းစစ်မှုသည် ရေခံမြေခံ နောက်ခံ အခြေအနေတစ်ခုတွင်ဖြစ်ပျက်နေသောအရာရာတိုင်းကို ဖော်ထုတ်ပေးနိုင်မည်မဟုတ်ကြောင်းကို သတိပြုသင့်သည်။ ဒေသခံလူထုအတွင်း တင်းမာမှုအနေအထားများ (ပိုင်းခြားစေသောအရာများ) ကို ကြီးထွားစေသော (သို့) လျော့နည်းစေသောအရာများနှင့် လူထုတစ်ခုအတွင်းပေါင်းစည်းညီညွတ်မှု (ဆက်စပ်စေသောအရာများ) ကို တိုးပွားစေသော(သို့)လျော့ကျစေသောအရာများကိုသာ ဤလေ့လာဆန်းစစ်မှုက အဓိကထားဖော်ထုတ်သည်။

**မှတ်စုတို ၅ - ပိုင်းခြားစေသောအရာများနှင့် ဆက်စပ်စေသောအရာများကို အဓိပ္ပာယ်သတ်မှတ်ခြင်း**

***ပိုင်းခြားစေသောအရာများသည်အကြမ်းဖက်မှုဆီသို့ဦးတည်သွားနိုင်သော သက်ာမကင်းဖြစ်မှု၊ယုံကြည်မှုကင်းမဲ့ခြင်းနှင့်တင်းမာမှုများကို တိုးပွားစေနိုင်သည်။*** *၎င်းတို့သည်လူအများ(သို့)အုပ်စုများကြား တင်းမာမှုအနေအထားကို ကြီးထွားစေနိုင်သောအရာများဖြစ်ပြီး အဖျက်သဘောယှဉ်ပြိုင်မှုဆီသို့ ဦးတည်သွားစေတတ်သည်။*

***ဆက်စပ်စေသောအရာများသည် လူများကို မတူကွဲပြားမှုများရှိသော်လည်း အတူပေါင်းစည်းစေတတ်သည်။*** *၎င်းတို့သည်လူများ(သို့)အုပ်စုများကြား တင်းမာမှုကို ပြေလျော့စေနိုင်ပြီး အပြုသဘောပူးပေါင်းဆောင်ရွက်မှုကို အခိုင်အမာဖြစ်ပေါ်စေသည်။ " ဒေသတွင်းငြိမ်းချမ်းရေးစွမ်းအားစုများ တိုးပွားစေခြင်း"ဆိုသော အသုံးအနှုန်းဖြင့်လည်းပြောဆိုတတ်ကြသည်။*

***အောက်ပါအချက်ကို သတိရပါ။***

*သိသာထင်ရှားသောပဋိပက္ခဖြစ်ပွားခြင်းမရှိလျှင်တောင်မှ ပိုင်းခြားစေသောအရာများနှင့် ဆက်စပ်စေသောအရာများသည် အစုအဖွဲ့များတွင် အမြဲတမ်းတည်ရှိသည်။ ပိုင်းခြားစေသောအရာများနှင့် ဆက်စပ်စေသောအရာများသည် လူပုဂ္ဂိုလ်များမဟုတ်ဘဲ လူများ၏လုပ်ဆောင်ချက်များသာဖြစ် ပါ သည်။*

## ဘယ်လိုလုပ်ရမှာလဲ

ပိုင်းခြားစေသောအရာနှင့် ဆက်စပ်စေသောအရာများ လေ့လာဆန်းစစ်မှုကို အုပ်စုလိုက်လုပ်ဆောင်လျှင် အကောင်းဆုံးဖြစ်သည်။ လုပ်ငန်းခွင်မှာဖြစ်စေ၊ဌာနချုပ်မှာဖြစ်စေ စီးပွားရေးလုပ်ငန်းအတွက် အစီအစဉ် ရေးဆွဲလိုသူများသည် ဤလေ့လာဆန်းစစ်မှုတွင် ပါဝင်သင့်သည်။ လုပ်ငန်းအကောင်အထည်ဖော်မည့်နေရာမှ ဒေသခံလူထုများအကြောင်း ပိုမိုပြည့်စုံစွာနားလည်နိုင်စေရန် ဒေသခံပုဂ္ဂိုလ်များ၊ အစုအဖွဲ့များပေါင်းစုံ (ရပ်ရွာ လူထုခေါင်းဆောင်များ၊ အခြား အဓိက ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိသူများ၊ အခြားစီးပွားရေးလုပ်ငန်းစုများ၊ ဒေသခံ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ) နှင့် လေ့လာဆန်းစစ်မည့်အဖွဲ့တို့ပြောဆို ဆွေးနွေးသင့်သည်။ လူထုပူးပေါင်းပါ ဝင်မှုအတွက် အပြုသဘောနည်းလမ်းများဆိုင်ရာလမ်းညွှန်ချက်ကို ဖြည့်စွက်ချက် (၂)တွင် လေ့လာကြည့်ရှုပါ။

**ဖြစ်စဉ်လေ့လာချက် ၄ - အင်တာဗျူးပြုလုပ်ရန်အတွက် ခွင့်ပြုချက်ရယူခြင်း**

*၂၀၁၅ခုနှစ်တွင် BIFအဖွဲ့မှ မွန်နှင့်ကရင်ပြည်နယ်များ၌ ဆင်းရဲမွဲတေမှုအညွှန်းစစ်တမ်းကောက်ခံခဲ့သည်။ အချက်အလက်စုဆောင်းရေးအဖွဲ့အနေနှင့် သက်ဆိုင်သူအစုအဖွဲ့များအားလုံးသို့ မိမိတို့၏စီမံကိန်းအကြောင်းကို အသေအချာရှင်းလင်းတင်ပြ ၍ ဒေသခံပုဂ္ဂိုလ်များနှင့် အင်တာဗျူးမပြုလုပ်မီ ဒေသမှအာဏာပိုင်ပုဂ္ဂိုလ်များနှင့် ရပ်ရွာလူထုအကြီးအကဲများထံမှ သဘောတူခွင့်ပြုချက်ရယူခဲ့ကြသည်။အချက်အလက်ကောက်ခံသူများအဖြစ် ထိုဒေသများအတွင်းမှ မွန်နှင့်ကရင်ဘာသာစကားပြောဆိုနိုင်သူများကိုသာ ရွေးချယ်ခဲ့ပြီး ယုံကြည်ရင်းနှီးမှုတည်ဆောက်နိုင်ရန်အတွက် ဒေသခံတို့၏ဘာသာစကားဖြင့်သာ အချက်အလက်ကောက်ခံမှုပြုလုပ်ခဲ့သည်။ စစ်တမ်းကောက်ခံမှုနည်းလမ်းများအားဆွေးနွေးနိုင်စေရန် အစည်းအဝေးများကို ဘာသာပြန်များထားရှိ၍ ပြုလုပ်ခဲ့ကြရာဆွေးနွေးချက်များသည် ရပ်ရွာလူထုအကြီးအကဲများ၊ဒေသမှအာဏာပိုင်ပုဂ္ဂိုလ်များနှင့် ချိတ်ဆက်ဆက်ဆံမှုမပြုမီကြိုတင်၍ ဒေသ၏ရေခံမြေခံအခြေအနေကိုနားလည်နိုင်ဖို့အတွက် များစွာအထောက်အကူပြုခဲ့ပါသည်။ ဤဆွေးနွေးချက်များသည် အချက်အလက်စုဆောင်းရေးအဖွဲ့မှ စုစည်းတင်ပြသော အကျဉ်းချုံးအကဲဖြတ်အစီရင်ခံစာနှင့်ပေါင်းစပ်လိုက်သောအခါ BIFအဖွဲ့အတွက် လုပ်ငန်းခွင်အကောင်အထည်ဖော်မှုမစတင်မီ ရေခံမြေခံအခြေအနေ၏သရုပ်သဏ္ဍာန်ကို လုံလုံလောက်လောက် သိရှိနားလည်နိုင်ခဲ့သည်။*

သက်ဆိုင်သူအစုအဖွဲ့များနှင့် ပြောဆိုဆွေးနွေးသောအခါ မိမိတို့ကောက်ခံနေသော သတင်းအချက်အလက်များကို ဘာအတွက်ကောက်ယူတာလဲ၊ ဘယ်လိုကောက်ယူမှာလဲ၊ ကောက်ခံစုဆောင်းထားတဲ့အချက်အလက်တွေကို ဘယ်လိုအသုံးပြုမှာလဲဆိုသည်ကို ရှင်းလင်းတင်ပြရန် အရေးကြီးသည်။ အချက်အလက်ကောက်ခံခြင်းအတွက် အကြံပြုချက်တချို့ကို အောက်တွင်ဖော်ပြထားသည်။

- သတင်းအချက်အလက်ရရှိနိုင်သည့်ရင်းမြစ်မျိုးစုံကို လေ့လာပါ၊ ရရှိသောအချက်အလက်ကို မူလရင်းမြစ်တစ်ခုနှင့်တစ်ခု ချိန်ထိုးနှိုင်းယှဉ်ကြည့်ပါ။ ပဋိပက္ခအခြေအနေများတွင် သမာသမတ်ကျပြီး၊ပုဂ္ဂိုလ်အုပ်စုစွဲမရောနှောသော သတင်းအချက်အလက်များ ရှားပါးတတ်သည်။

- နည်းလမ်းပေါင်းစုံ ရောနှောအသုံးပြုပါ။(ဒတ်စ်တော့လေ့လာချက်များ၊ သက်ဆိုင်သူအစုအဖွဲ့များနှင့်ဆွေးနွေးညှိနှိုင်းခြင်းများ၊အုပ်စုလိုက်စကားပိုင်းဆွေးနွေးခြင်းများ၊ တစ်ဦးတစ်ယောက်ချင်းအင်တာဗျူးများနှင့် ကုမ္ပဏီဝန်ထမ်းများကြား ခေါင်းချင်းရိုက်အဖြေရှာနည်းများ)

- အလွှာပေါင်းစုံမှသက်ဆိုင်သူအစုအဖွဲ့နှင့် ပြောဆိုတိုင်ပင်ပါ။ သဘောထားအမြင်များများထည့်သွင်းစဉ်းစားလေလေ မိမိတို့လုပ်ကိုင်မည့်ပတ်ဝန်းကျင်အကြောင်း ရုပ်လုံးပီပြင်လာလေဖြစ်သည်။ အင်တာဗျူးဖြေဆိုသူများ/ပါဝင်တက်ရောက်သူများကိုရွေးချယ်ရာတွင်ဖြစ်စေ

အချက်အလက်ကောက်ခံသူအဖွဲ့ဝင်များရွေးချယ်ရာတွင်ဖြစ်စေ ကျားမအချိုးကျညီမျှမှုရှိစေရန် သတိပြုကြရမည်။

- သတင်းအချက်အလက်ကောက်ခံရာတွင် အဆင့်လိုက်ဆောင်ရွက်ပုံနည်းလမ်းကိုအသုံးပြုပါ။ အခြေအနေအရပ်ရပ်သည် အပြောင်းအလဲရှိနိုင်ပြီး တချို့အချက်များနှင့်ပတ်သတ်၍ သက်ဆိုင်သူအစုအဖွဲ့များ၏ထင်မြင်ယူဆချက်များသည်လည်း တသမတ်တည်းရှိမနေနိုင်သည့်အတွက် အချိန်ကာလအစိတ်အပိုင်းတစ်ခုတည်းမှရရှိသော သတင်းအချက်အလက်များကို ပုံသေမှီခိုအားထားမှုမပြုသင့်ပါ။
- တစ်ဦးချင်းဒတ်စ်တော့လေ့လာချက်များနှင့် လုပ်ငန်းခွင်ကွင်းဆင်းလေ့လာဆန်းစစ်ချက်များကို အစပြုလုပ်ဆောင်ပြီးမှ အုပ်စုလိုက်ခေါင်းချင်းရိုက်အဖြေရှာခြင်းနှင့် သတင်းအချက်အလက်စုဆောင်းခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပါ။
- ကုမ္ပဏီဝန်ထမ်းများနှင့် စတင်လုပ်ဆောင်ပြီးမှ ကုမ္ပဏီပြင်ပမှလူများနှင့်ဆက်လက်ဆောင်ရွက်ပါ။

**ဖြစ်စဉ်လေ့လာချက် ၅ - သံတောင်ကြီးအုပ်စုမှတစ်ဆင့် သင့်လျော်သောသက်ဆိုင်သူအစုအဖွဲ့များနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်း**

*သံတောင်ကြီးသည် မြန်မာနိုင်ငံမြောက်ပိုင်းရှိ ကရင်ပြည်နယ်မှ တောင်စခန်းမြို့လေးတစ်မြို့ဖြစ်သည်။ ယခင်က ပဋိပက္ခဖြစ်ပွားခဲ့ဖူးသောဒေသတစ်ခုဖြစ်ပြီး ယခုအခါ နိုင်ငံတကာခရီးသွားဧည့်သည်များအား သွားလာခွင့်ပြုထားပြီဖြစ်သည်။ ၂၀၁၅ခုနှစ်တွင် BIFမှ ထိုဒေသတွင် လုပ်ငန်းအစီအစဉ်များ စတင်နိုင်မည့်အခွင့်အလမ်းများကို ရှာဖွေလေ့လာခဲ့သည်။ သို့သော်လည်း သံတောင်ကြီးမြို့သည် လောလောလတ်လတ်ပဋိပက္ခအပြီးကာလထဲတွင်သာရှိသေးသည့်အားလျော်စွာ  BIFအနေနှင့် ရေခံမြေခံနောက်ခံအခြေအနေကို လေးလေးနက်နက်နားလည်မှုမရှိဘဲ လုပ်ငန်းဆောင်ရွက်ရန်မသင့်ကြောင်း သတိပြုခဲ့ကြသည်။*

*BIFသည် သံတောင်ကြီးခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုလုပ်ငန်းအုပ်စု (TTDWG)ကို ဖွဲ့စည်းခဲ့ ပေးခဲ့သော ဒေသတွင်းလုပ်ကိုင်နေကြသော Peace Nexus Foundationနှင့် Hanns Seidel Foundation(HSF) စသောအန်ဂျီအိုများနှင့် ပူးပေါင်း ခဲ့သည်။ TTDWGအဖွဲ့ဝင်များတွင် B&B၊ စားသောက်ဆိုင်များနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ဆောင်မှုများကဲ့သို့သော ခရီးသွားလုပ်ငန်းဆိုင်ရာစီးပွားရေးလုပ်ငန်းများကို ပိုင်ဆိုင်သော ဒေသခံစီပွားရေးလုပ်ငန်းရှင်များအပြင် ကေအန်ယူကိုယ်စားလှယ်များ၊အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရဌာနများပါဝင်သော မူဝါဒချမှတ်ရေးဆိုင်ရာအုပ်စုများလည်း ပါဝင်သည်။ ဤအုပ်စုနှင့်ချိတ်ဆက်လုပ်ဆောင်ခြင်းဖြင့် BIFအနေနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအနေအထားနှင့် ဒေသတွင်းသက်ဆိုင်သူအစုအဖွဲ့များအကြောင်းကို သိရှိနားလည်နိုင်ခဲ့သည်။*

***အောင်မြင်မှုမှတ်တမ်းများ***

*• ၂၀၁၅ခုနှစ်တွင် ဤလုပ်ငန်းအုပ်စုသည် ဒေသတွင်း ညအိပ်တည်းခိုနိုင်ပြီး နံနက်စာပါဝင်သောတည်းခိုခန်း (B&B)နေရာထိုင်ခင်းလိုင်စင်အတွက် မူဝါဒပိုင်းနှောင့်နှေးနေမှုကို ပြေလည်အောင် ဆွေးနွေးညှိနှိုင်းနိုင်ခဲ့သည်။*

*• ၂၀၁၅ခုနှစ်အတွက် BIFမှဦးစီးကျင်းပသော Product & Package ဆန်းသစ်တီထွင်မှုပြိုင်ပွဲ (PPIC)မှ B&Bသုံးခုကို နည်းပညာပိုင်းဆိုင်ရာအကူအညီထောက်ပံ့ပေးပြီး B&Bတစ်ခုကို ထောက်ပံ့ကြေးပေးခဲ့သည်။ အထောက်အပံ့ရရှိသူများသည် ထိုဒေသရှိခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုတွင် အားလုံးပါဝင်နိုင်မှုရှိသင့်ပြီး သင်တန်းများတွင် သံတောင်ကြီးမြို့၌လုပ်ကိုင်နေကြသောခရီးသွားလုပ်ငန်းအားလုံးပါဝင်နိုင်ရေး သဘောတူကြသည်။ ဤနည်းလမ်းသည် BIFနှင့် PPICမှ တိုးမြှင့်ပေးလိုသော Do No Harmစည်းမျဉ်းများနှင့် အံဝင်ခွင်ကျကိုက်ညီမှုရှိသည်။*

*• ညှိမှတ်တမ်းများအရ ထိုဒေသတွင် ခရီးသွားဧည့်သည်များ အပြောက်အမြားဝင်ရောက်မှုရှိနေကြောင်းတွေ့ရသည်။ ၂၀၁၆ခုနှစ် ဇန်နဝါရီမှ ဧပြီလအတွင်း ဧည့်သည်၄၀၀ခန့်သည် သံတောင်ကြီးမြို့သို့လာရောက်လည်ပတ်ခဲ့ကြသည်။ ၂၀၁၇ခုနှစ်တွင် ထိုကာလများအတွင်း ဧည့်သည်၁၀၀၀အောက်သာရှိခဲ့သည်။ မြန်မာပြည်တွင်းမှ ခရီးသွားဧည့်သည်အရေအတွက် တဟုန်ထိုးတိုးတက်ခဲ့ပြီး နိုင်ငံခြားခရီးသွားဧည့်သည်အရေအတွက်လည်း အနည်းငယ်တိုးတက်မှုရှိခဲ့သည်။*

## ပိုင်းခြားစေသောအရာများနှင့်ဆက်စပ်စေသောအရာများကို ထွက်ပေါ်လာစေနိုင်သည့် အဓိကမေးခွန်းများ

အောက်ပါမေးခွန်းများသည် ပိုင်းခြားစေသောအရာများနှင့်ဆက်စပ်စေသောအရာများကို ခွဲခြားဖော်ထုတ်ရာတွင် အသုံးဝင်နိုင်ပါသည်။ ဤမေးခွန်းများသည် ဒေသခံရပ်သူရွာသားများကို တိုက်ရိုက်မေးမြန်းရန်အတွက် မဟုတ်ပါ။ မိမိနှင့်မိမိ၏အဖွဲ့ဝင်များအနေနှင့် အတွေးအမြင်များထွက်ပေါ်လာအောင် မိမိတို့အချင်းချင်းမေးမြန်းရမည့် မေးခွန်းများ သာဖြစ်ပါသည်။

- ဒီရေခံမြေခံအခြေနောက်ခံအနေမှာပိုင်းခြားကွဲပြားစေသောအရာတွေဘာတွေလဲ။ ဆက်စပ်စုစည်း စေသောအရာ တွေက ဘာတွေလဲ။
- ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုကို လက်ရှိခြိမ်းခြောက်နေတဲ့အရာတွေက ဘာတွေလဲ။ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုအတွက် အထောက်အပံ့ဖြစ်တဲ့အရာတွေက ဘာတွေလဲ။
- ဒီအခြေအနေမှာ အန္တရာယ်အများဆုံး အချက်တွေက ဘာတွေလဲ။
- ဒီအခြေအနေမှာ တင်းမာမှုကို ဘာတွေကကြီးထွားလာစေနိုင်သလဲ။
- ဒီအခြေအနေမှာ လူတွေကို ဘယ်အရာတွေက ပေါင်းစည်းညီညွတ်စေနိုင်သလဲ။
- ဒီဆက်စပ်စေသောအရာက ဘယ်လောက်ခိုင်မာမှုရှိသလဲ။ ဒီပိုင်းခြားစေသောအရာက ဘယ်လောက်အန္တရာယ်ရှိနိုင်သလဲ။
- လူတွေက ဘယ်နေရာမှာတွေ့ဆုံတတ်ကြသလဲ။ လူတွေ အတူတကွ ပူးပေါင်းပြီး ဘာတွေလုပ်ဆောင်တတ်ကြသလဲ။

မိမိအနေနှင့် အောက်ပါ မှတ်စုတိုမှ ပိုင်းခြားစေသောအရာနှင့်ဆက်စပ်စေသောအရာ အမျိုးအစား(၅)ခု စလုံး ထည့်သွင်းပါဝင်ထားမှုရှိ/မရှိကို စဉ်းစားခြင်းသည်လည်း အထောက်အကူဖြစ်စေနိုင်ပါသည်။

**မှတ်စုတို ၆ - ပိုင်းခြားစေသောအရာနှင့်ဆက်စပ်စေသောအရာအမျိုးအစားများ**

***စနစ်နှင့်အဖွဲ့အစည်းများ*** *- လူများသည် လုပ်ငန်းတစ်ခုခုဆောင်ရွက်ရန် မည်သို့စုစည်းစီစဉ်ကြသနည်း။ ရပ်ရွာလူထုများသည် ဝန်ဆောင်မှုများပေးရန် မည်သို့စီစဉ်ဆောင်ရွက်ကြသနည်း။ မည်သည့်ဖွဲ့စည်းပုံစနစ်များကို လူများအသုံးပြုကြသနည်း။ ၄င်းတို့၏လုပ်ဆောင်ချက်များကို မည်သည့်ဖွဲ့စည်းပုံများအတိုင်း ဆောင်ရွက်ကြသနည်း။*

*ဥပမာ - စစ်သွေးကြွများနှင့်စစ်တပ်များ၊ ရဲတပ်ဖွဲ့များနှင့် တရားဥပဒေနည်းစနစ်များ၊ စွမ်းအင်နှင့်ရေအထောက်အပံ့ရရှိမှု။*

**သဘောထားအမြင်များနှင့်လုပ်ဆောင်ချက်များ** - လူများသည် တစ်ယောက်ကိုတစ်ယောက်မည်သို့ ဆက်ဆံပြုမူကြသနည်း။ အချင်းချင်းမည်သို့ ပြောဆိုဆွေးနွေးကြသနည်း။ လူများသည် အကြမ်းဖက်မှု(သို့)သနားကြင်နာမှုအပြုအမူများကို မည်သို့ဖော်ပြတတ်ကြသနည်း။

ဥပမာ - ပြန်လည်သင့်မြတ်ရေးနှင့် နားလည်ခွင့်လွှတ်မှု၊ လက်ပစ်ဗုံးများနှင့်သေနတ်များအသုံးပြုပစ်ခတ်ခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့်စော်ကားဆဲဆိုခြင်း၊ လူမျိုးရေးခွဲခြားမှု(သို့) လူမျိုးမတူသူများအားသည်းခံနိုင်မှု။

**တန်ဖိုးထားမှုနှင့်စိတ်ဝင်စားမှုများ** - လူများသည် မည်သို့သောပုဂ္ဂိုလ်များကို လူကောင်းသူကောင်းအဖြစ်သတ်မှတ်ကြသနည်း။ မိမိတို့၏လိုအပ်ချက်များပြည့်ဝစေရန် အရင်းအမြစ်များကိုမည်သို့ အသုံးပြုကြသနည်း။ မြေယာများကို ဘုံပိုင်အဖြစ်သတ်မှတ်သလား။ ပုဂ္ဂလိကပိုင်အဖြစ် သတ်မှတ်သလား။ ဘာသာရေးအယူဝါဒများသည် အခြားဘာသာဝင်များအား လက်ခံကြိုဆိုမှုရှိသလား။(သို့) မလိုမုန်းထားအမြင်များရှိသလား။

**အတွေ့အကြုံများ** - လူများသည် သမိုင်းအကြောင်းအရာများကို လိုသလိုရွေးချယ်၍ အဓိပ္ပာယ်ဖွင့်ဆိုကြသလား ။ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ်ဖွင့်ဆိုကြသလား။ မကြာသေးမီကဖြစ်ရပ်များနှင့်မိမိတို့၏အတွေ့အကြုံများ ကိုမည်သို့ရှုမြင်ပြောဆိုတတ်ကြသနည်း။ မိမိတို့ပတ်ဝန်းကျင်ရှိအခြားသူများ၏ယဉ်ကျေးမှုဓလေ့များ ကိုမည်သို့သရုပ်ဖော်ပြောဆိုတတ်ကြသလဲ။**

***သင်္ကေတနှင့်ပွဲလမ်းသဘင်များ*** *- လူများသည် မိမိတို့၏ကိုယ်ပိုင်အုပ်စုများကို မည်သည့်သရုပ်သဏ္ဍာန်ဖြင့် ဖော်ပြတတ်ကြသလဲ။*

*ဥပမာ - အလံပုံစံများနှင့် မီးရှူးမီးပန်းများ၊ အများယုံကြည်လက်ခံသောပုဂ္ဂိုလ်များနှင့်ရုပ်ထုများ၊ အရောင်အသွေးများနှင့်ဂဝတ်စုံများ၊ အားလပ်ရက်များနှင့်ဘာသာရေးအထိမ်းအမှတ်နေ့ရက်များ*

### ဖြစ်စဉ်လေ့လာချက် (၆): ဆက်သွယ်ဆက်ဆံရေးက အဓိကသော့ချက်ဖြစ်သည်

*၂၀၁၅ခုနှစ်အတွက် BIFမှဦးစီးကျင်းပသော Product & Package ဆန်းသစ်တီထွင်မှုပြိုင်ပွဲ (PPIC) ဆုရသူအုပ်စုတစ်စုက ချင်းပြည်နယ်၊ ကန်ပက်လက်တွင် လူထုအခြေပြုခရီးသွားလုပ်ငန်း(CBT) စီမံကိန်းတစ်ခုကို လုပ်ဆောင်ခဲ့ကြသည်။ ယင်းအုပ်စုသည် ငွေကြေးအရရော နည်းပညာပိုင်းဆိုင်ရာ၌ပါ ထောက်ပံ့မှုများရရှိခဲ့သည်။ နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့အနေဖြင့် (အစားအသောက်, သန့်ရှင်းရေးနှင့်ဧည့်ကြိုကဏ္ဍများနှင့်ဆိုင်သည့်) ဝန်ဆောင်မှုပိုင်းဆိုင်ရာသင်တန်း ၃ခုထောက်ပံ့ထားပါသည်။ CBTစီမံကိန်းကို လုပ်ဆောင်နေသော ခရီးသွားလုပ်ငန်းကုမ္ပဏီမှ ၎င်းတို့၏ CBTလုပ်ငန်းစဉ်များတွင်တိုက်ရိုက်ပါဝင်သူများအပြင် ကန်ပက်လက်နှင့် မင်းတပ်မှ အခြားစိတ်ဝင်စားသူများကိုပါ သင်တန်းသို့ တက်ရောက်ရန် ဖိတ်ခေါ်ခဲ့ပါသည်။ ထိုသို့ အနီးအနားလူထုများမှစိတ်ပါဝင်စားသူများအား သင်တန်းတက်ရောက်ခွင့်ပေးခြင်းသည် လူများအား စုစည်းမှုကိုဖြစ်စေပြီး အချင်းချင်းတင်းမာမှု၊စိတ်ဝမ်းကွဲမှုများအား လျော့ကျစေသည့် ရိုးရှင်းသော နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။*

*တစ်ဖက်တွင်မူ CBTလုပ်ငန်းအစီအစဉ်များအတွက် ဝန်ထမ်းများ ခန့်အပ်ခြင်းကို ကျေးရွာအုပ်ချုပ်ရေး ကော်မတီမှသာ တာဝန်ယူထား သည့်အတွက် ဒေသတွင်း ကော်မတီ၏ ကောင်းမွန်စွာ စီမံခန့်ခွဲမှုမပြုနိုင်ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများတွင် မမျှတမှုများဖြစ်လာခဲ့ပါက ဒေသတွင်းအချင်းချင်းစိတ်ဝမ်းကွဲမှုများဖြစ်လာစေနိုင်ပါသည်။ BIF သုတေသနများ၏အကြံပြုချက်အရ ဒေသခံလူထုနှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီများအကြား ကောင်းမွန်သော ဆက်သွယ်ဆက်ဆံရေးတည်ဆောက်ထားခြင်းဖြင့် တင်းမာမှုများတိုးပွားလာခြင်းကို လျော့ချစေနိုင်ပါသည်။*

BIF မှထောက်ပံ့ပေးထားသော နောက်ထပ် CBTစီမံကိန်းလုပ်ငန်းတစ်ခုသည် ရှမ်းပြည်နယ်တောင်ပိုင်း ဆင်တောင်တွင်တည်ရှိသည်။ ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးနေသောဝန်ထမ်းလေးဦးနှင့်အတူ လူထုအတွင်းမှပုဂ္ဂိုလ်များမှ ဦးစီးတာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။ CBTစီမံကိန်းကိုအကောင်အထည်ဖော်နေသော ခရီးသွားလုပ်ငန်းကုမ္ပဏီသည် ဆက်စပ်စေသောအရာများဟုယူဆနိုင်သောလုပ်ဆောင်ချက်များကို ဆောင်ရွက်ခဲ့သည်။ ဒေသခံလူအများအား စုစည်းလာစေခြင်းနှင့် ခွဲဝေ၍ရသောလုပ်ငန်းစဉ်များတွင် အတူတကွ ပူးပေါင်း လုပ်ဆောင်ရန် အားပေးတိုက်တွန်းခြင်း စသော ဆက်စပ်စေသောအရာများဖြစ်သည်။ ဥပမာ ဒေသခံဝန်ထမ်းများနှင့် ဒေသခံများအားအမှိုက်ပစ်ခြင်းကြောင့် မိမိတို့ပတ်ဝန်းကျင်အားထိခိုက်ခြင်းအကြောင်းကို သင်တန်းပေးခဲ့သည်။

ဒေသခံလူထုအတွက် ထိရောက်မှုရှိသည့် အမိုက်သရိုက်စီမံခန့်ခွဲမှုစနစ်တစ်ခုဖြစ်ပေါ်စေရန် နေရာအသီးသီးတွင် အမှိုက်ပုံးများထားရှိခြင်းဖြင့် ကူညီခဲ့ကြသည်။

## ဇယားပုံစံ ၁ - ပိုင်းခြားစေသောအရာများနှင့် ဆက်စပ်စေသောအရာများ

မိမိ၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသော ရပ်ရွာလူထုများအတွင်းတည်ရှိနေသည့် ပိုင်းခြားစေသောအရာများနှင့် ဆက်စပ်စေသောအရာများကို စာရင်းပြုစုပါ။ အောက်ပါဇယားပုံစံနှင့် ဤလမ်းညွှန်စာအုပ်အနှံ့အပြား၌ ဖော်ပြထားသော အခြားဇယားပုံစံများတွင် ထည့်သွင်းဖော်ပြထားသောဥပမာများသည် အိုဘင်ဂါဆိုသောစိတ်ကူးယဉ်နိုင်ငံတစ်ခု၏ ဖြစ်စဉ်လေ့လာချက်အပေါ်အခြေခံထားသည်။ထိုနိုင်ငံတွင် ကမာနှင့်ကပိုလူမျိုးစုနှစ်ခုကြား နှစ်ပေါင်းစွာ တာရှည်နေသော အကြမ်းဖက်ပဋိပက္ခအကြောင်းကို သရုပ်ဖော်ထားခြင်းဖြစ်သည်။ ဤဖြစ်စဉ်လေ့လာချက်ကို ဖြည့်စွက်ချက်(၃)တွင် ဖော်ပြထားသည်။

| **မိမိ၏စီးပွားရေးလုပ်ငန်းစီစဉ်ပြုလုပ်မည့်ဒေသ/လူထုအတွင်းရှိ ပိုင်းခြားစေသောအရာများ/ တင်းမာမှုရင်းမြစ်များ** | **မိမိ၏စီးပွားရေးလုပ်ငန်းစီစဉ်ပြုလုပ်မည့်ဒေသ/လူထုအတွင်းရှိ ဆက်စပ်စေသောအရာများ/ငြိမ်းချမ်းရေးစွမ်းအားစုများ** |
|---|---|
| *ဥပမာများ -*<br>• *ကိုလိုနီအမွေစနစ်များအတိုင်း လည်ပတ်နေဆဲဖြစ်ခြင်း*<br>• *ကပိုအုပ်စု၏ မိမိတို့ကိုယ်ကို သာလွန်မြင့်မြတ်သည်ဟု ခံယူချက်*<br>• *မြစ်၏ကမာနှင့်ကပိုနှစ်ဖက်ကမ်းကို ဆက်စပ်ပေးသောတံတားပြန်လည်တည်ဆောက်မည့် အစီအစဉ်အတွက် မတူကွဲပြားသောသဘောထားများ*<br>• *မညီမျှသောဝန်ဆောင်မှုခွဲဝေခြင်းများ (ပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုများ အများအားဖြင့် မြစ်၏ ကပိုဖက်အခြမ်းတွင်သာ တည်ရှိခြင်း)*<br>• *မြစ်၏ကမာဖက်အခြမ်းတွင် ယာခင်းများမှ အရည်အသွေးကောင်းသည့်အစားအစာများ အလွယ်တကူရရှိနိုင်ခြင်း*<br>• *လူငယ်အုပ်စု - ရာဇဝတ်မှုကျူးလွန်ခြင်း*<br>• *ကမာတို့၏ကောက်ရိတ်သိမ်းပွဲတော်တွင် ကပိုတို့ပါဝင်ခွင့်မရခြင်း*<br>• *နိုင်ငံတကာအန်ဂျီအို - ရွေးချယ်မှုစံနှုန်းများ၊ ပွင့်လင်းမြင်သာမှုကင်းမဲ့ခြင်း*<br>• *ရွာလူကြီးမှ အများပိုင်မြေများကို မမျှမတ၊ပွင့်လင်းမြင်သာမှုမရှိဘဲ ရောင်းချခြင်း* | *ဥပမာများ -*<br>• *အမျိုးသမီးများစိတ်ပါဝင်စားမှုတူညီပြီး အကျိုးတူပူးပေါင်းမှုရှိခြင်း၊ လူထုမှ အမျိုးသမီးအုပ်စုကို ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များအဖြစ် ယုံကြည်လက်ခံခြင်း*<br>• *ကပိုနှင့်ကမာတို့ ကိုးကွယ်သည့်ဘာသာတူညီခြင်း*<br>• *သက်ကြီးပိုင်းပုဂ္ဂိုလ်များ၏ ငြိမ်းချမ်းရေးဆွေးနွေးမှုများ*<br>• *လွန်ခဲ့သောနှစ်နှစ်မှ အပစ်အခတ်ရပ်စဲမှုသဘောတူညီချက်*<br>• *စစ်ကိုငြီးငွေ့ခြင်း*<br>• *သွေးနှောထိမ်းမြားမှုသမိုင်းကြောင်းရှိခြင်း*<br>• *ခရီးသွားလုပ်ငန်းအတွက် အလားအလာကောင်းရှိခြင်း*<br>• *ပညာရေးနှင့် ပိုမိုကောင်းမွန်သောဘဝအခြေအနေကို လိုလားမှုရှိခြင်း* |

## အဆင့် ၂ - စီးပွားရေးလုပ်ငန်းအစီအစဉ်များကို လေ့လာဆန်းစစ်ခြင်း

Do No Harmနည်းလမ်း၏ ဒုတိယအဆင့်သည် မိမိတို့၏စီးပွားရေးလုပ်ငန်းအစီအစဉ်များကို လေ့လာဆန်းစစ်ခြင်းဖြစ်သည်။ မိမိတို့လုပ်ကိုင်နေသောရေခံမြေခံအခြေအနေနှင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းအစီအစဉ်များနှစ်ခုစလုံးကို လေးလေးနက်နက်နားလည်မှုမရှိဘဲ ဒေသခံလူထုအပေါ် မိမိတို့စီးပွားရေးလုပ်ငန်း၏ အကျိုးသက်ရောက်မှုကို သိရှိနားလည်ရန် မဖြစ်နိုင်ပါ။ အသေးစိတ်စီမံမှုများကို လေ့လာခြင်းဖြင့် မိမိတို့၏အကျိုးသက်ရောက်မှုများကို ခွဲခြား ဖော်ထုတ်၍ နားလည်သိရှိ၊ထိန်းညှိနိုင်ရန် အလေးထားရမည့်အရာများကို သတိပြုမိလာစေနိုင်သည်။

### ဘာကြောင့်လုပ်ရတာလဲ

စီးပွားရေးလုပ်ငန်းအစီအစဉ်များကို လေ့လာဆန်းစစ်ခြင်းသည်

- ဒေသခံလူထု (သို့) လုပ်သားအင်အားစုအပေါ် ၎င်းတို့အတွင်းရှိပိုင်းခြားစေသောအရာများနှင့် ဆက်စပ်စေသော အရာများကို လွှမ်းမိုးမှုမှတစ်ဆင့် မိမိတို့၏လုပ်ငန်းစဉ်များ၏သက်ရောက်မှုပုံစံအမျိုးမျိုးကို ခွဲခြားဖော်ထုတ်နိုင်သည်။
- မိမိ၏ကုမ္ပဏီလုပ်ငန်းများတွင် မည်သည့်လုပ်ဆောင်ချက်များက လူထုအပေါ် အပျက်သဘော သက်ရောက်မှု အန္တရာယ်များဖြစ်ပေါ်စေနိုင်သည် (မိမိတို့၏စီးပွားရေး အတွက်လည်း အထိအခိုက်ရှိနိုင်သည်)ကို သိရှိနားလည်စေနိုင်သည်။
- မိမိ၏စီးပွားရေးလုပ်ငန်းများအတွက် တိုးတက်ကောင်းမွန်သောပတ်ဝန်းကျင်တစ်ခုပေါ်ပေါက်လာစေပြီး မိမိ၏ စီမံကိန်းကို လူထုမှလက်ခံကြိုဆို၍ ကြီးထွားအောင်မြင်နိုင်သောအခွင့်အလမ်းကောင်းတစ်ခု ဖြစ်ပေါ်လာနိုင်စေရန် ဆက်ဆံရေးအခြေအနေများကို ခိုင်မာလာအောင်လုပ်ဆောင်ရမည့်အချက်များကို သိရှိနားလည်စေနိုင်သည်။

### ဘာတွေကိုလုပ်ရမှာလဲ(၁)

ရေခံမြေခံအခြေအနေနှင့် စီးပွားရေးလုပ်ငန်းအရပ်ရပ်တို့သည် အမျိုးမျိုးကွဲပြားခြားနားမှုရှိနိုင်သည်။ စီးပွားရေးလုပ်ငန်းတစ်ခု၏ အကျိုးသက်ရောက်မှုကို သိရှိနားလည်နိုင်စေရန် Do No Harm နည်းလမ်းသည် အသေးစိတ်စီမံမှုများလေ့လာနည်းစနစ်ကို အသုံးပြုကာ စီးပွားရေးလုပ်ငန်းစဉ်များ၏အသေးစိတ်အချက်အလက်များကို မှတ်တမ်းတင်ဆန်းစစ်မှုပြုသည်။ အသေးစိတ်စီမံမှုများကိုလေ့လာဆန်းစစ်ခြင်းမှရရှိသောအချက်အလက်များကြောင့် ဒေသခံလူထုနှင့်မိမိ၏စီးပွားရေးလုပ်ငန်းအတွက် ပိုမိုကောင်းမွန်သောဆုံးဖြတ်ချက်များချမှတ်နိုင်စေပြီး အပြုသဘော ဆောင်သော သက်ရောက်မှုများဖြစ်ပေါ်နိုင်စေသည့်အခွင့်အလမ်းများ တိုးပွားလာစေနိုင်သည်။

**ဖြစ်စဉ်လေ့လာချက်(၈) - မိဘမဲ့ကလေးဂေဟာသို့ပို့ဆောင်ပေးသောခရီးသွားလုပ်ငန်း၏ခြိမ်းခြောက်မှုအန္တရာယ်များ**

*ဒေသခံလူထုသို့အကျိုးပြုသည်ဟုထင်ရသောတချို့လုပ်ရပ်များသည် မလိုလားအပ်သောသက်ရောက်မှုကိုဖြစ်ပေါ်စေတတ်သည်။ ခရီးသွားဧည့်သည့်များက မိဘမဲ့ကလေးဂေဟာများ(အစစ်အမှန်လည်းဖြစ်နိုင်သလို တခြားလုပ်စားသည်များလည်းရှိတတ်သည်)ကို နာရီအနည်းငယ်ကြာလာရောက်လည်ပတ်နိုင်သော(သို့) ပိုက်ဆံပေးပြီး အချိန်ကာလတစ်ခုအထိ စေတနာဝန်ထမ်းလုပ်နိုင်သော ခရီးသွားလုပ်ငန်းကို မိဘမဲ့ဂေဟာခရီးသွားလုပ်ငန်းဟုခေါ်သည်။ ထိုခရီးသွားလုပ်ငန်းများတွင် အဖွဲ့အစည်းများ(သို့)ကုမ္ပဏီများသည် စေတနာရှင်ခရီးသွားဧည့်သည်များထံမှ အလှူအတန်းရရှိရန်ကြိုးပမ်းပေးရင်း ရည်ရွယ်ချက်ရှိရှိသော်လည်းကောင်း၊မရည်ရွယ်ဘဲနှင့်သော်လည်းကောင်း ဒေသခံလူအများနှင့်လူထုအရပ်ရပ်အတွက် သူတို့ထင်ထားသည်ထက် ထိခိုက်မှုအမြောက်အများဖြစ်စေနိုင်သည်။*

*"မိဘမဲ့ဂေဟာခရီးသွားလုပ်ငန်း (မြန်မာနိုင်ငံပွင့်လင်းလာမှုနှင့်အတူ ပေါ်ပေါက်လာနိုင်သော ကလေးသူငယ်အပေါ် ခေါင်းပုံဖြတ်မှု၏ကြောက်စရာအန္တရာယ်)" ဟု ခေါင်းစီးတပ်ထားသောအောက်ပါဆောင်းပါးတွင် မြန်မာနိုင်ငံအခြေအနေရှိထိုကဲ့သို့သောဖြစ်ရပ်များအကြောင်း(ဥပမာ- ခရီးသွားလုပ်ငန်းကုမ္ပဏီများမှ ဧည့်သည်များကို ဘုန်းတော်ကြီးစာသင်ကျောင်းများသို့ခေါ်ဆောင်သွားခြင်း)ကို ရှင်းလင်းတင်ပြထားသည်။ https://www.theguardian.com/world/2016/sep/29/orphanage-tourism-fears-of-child-exploitation-boom-as-myanmar-opens-up?CMP=share_btn_link*

## ဘယ်လိုလုပ်ရမှာလဲ (၁)

အောက်ပါအသေးစိတ်စီမံမှုများလေ့လာချက်ဇယားကိုအသုံးပြုကာ မိမိတို့စီးပွားရေး လုပ်ငန်းစဉ်များ၏ အသေးစိတ်အချက်အလက်များကို လက်ရှိစီစဉ်ဒီဇိုင်းဆွဲထားသည့်ပုံစံအတိုင်း အုပ်စုလိုက်စိစစ်သုံးသပ်၍ အကြမ်းဖျဉ်းရေးချပါ။

- သင့်ဆီမှာ ဘယ်သူတွေက အလုပ်လုပ်ပေးကြသလဲ။ အလုပ်သမားတွေက ဘယ်အုပ်စုတွေ(သက်ဆိုင်သူအစုအဖွဲ့/တိုင်းရင်းသားလူမျိုးစု/ဘာသာရေးအုပ်စု)ကို ကိုယ်စားပြုသလဲ။ သူတို့အားလုံးကို အုပ်စုတစ်ခုတည်းက ရွေးချယ်ခန့်အပ်ထားတာလား(သို့) မတူကွဲပြားတဲ့အုပ်စုအသီးသီးကရွေးချယ်ခန့်အပ်ထားတာလား။

- သင်၏စီးပွားရေးလုပ်ငန်းများမှ ဘယ်သူတွေအကျိုးအမြတ်ရရှိကြသလဲ။ အကျိုးအမြတ်ရရှိတဲ့သူတွေက ဘယ်အုပ်စုတွေကို ကိုယ်စားပြုသလဲ။ အကျိုးအမြတ်မရရှိတဲ့သူတွေက ဘယ်သူတွေလဲ။

- သင်၏ မိတ်ဖက်အဖွဲ့တွေက ဘယ်သူတွေလဲ။ ဘယ်သူတွေနဲ့ ပူးပေါင်းလုပ်ကိုင်သလဲ။ သူတို့က ဘယ်အုပ်စုတွေကို ကိုယ်စားပြုသလဲ။

- ဘယ်အာဏာပိုင်အဖွဲ့တွေ(နိုင်ငံအဆင့်(သို့)ဒေသဆိုင်ရာအဆင့်)နဲ့ သင်တို့ချိတ်ဆက်လုပ်ဆောင်သလဲ။

- သင်၏လုပ်ငန်းများကို ဘယ်နေရာမှာ အကောင်အထည်ဖော်ဆောင်ရွက်မှာလဲ။ ဒီလုပ်ငန်းက အုပ်စုတစ်ခုကို အခြားတစ်အုပ်စုထက် ပိုမို၍အကျိုးအမြတ်ရရှိစေနိုင်သလား။ ဒီလုပ်ငန်းက အများပါဝင်နိုင်မှုရှိစေသလား၊ (တချို့အုပ်စုတွေကို) သီးသန့်ဘေးဖယ်ထုတ်မှုရှိသလား။

- သင်တို့ ဘယ်လုပ်ငန်းတွေကို ဆောင်ရွက်မှာလဲ။ ဘယ်စီးပွားရေးလုပ်ငန်းအမျိုးအစားကို သင်တို့အကောင်အထည်ဖော်ဆောင်ရွက်မှာလဲ။ ဒီလုပ်ငန်းက ဒေသခံလူထုကို ဘယ်လိုအကျိုးသက်ရောက်မှုရှိလာနိုင်သလဲ။

- သင်၏လုပ်ငန်းကိုဘယ်အချိန်မှာလုပ်ဆောင်မှာလဲ။ လုပ်ငန်းဆောင်ရွက်မယ့်ကာလက ပဋိပက္ခမတိုင်မီကာလလား/ ပဋိပက္ခအပြီးကာလလား။ မတူကွဲပြားတဲ့အုပ်စုတွေကို မညီမျှတဲ့အကျိုးအမြတ်တွေရရှိစေနိုင်တဲ့ တစ်နှစ်တာရဲ့အချိန်ကာလအပိုင်းအခြားမှာ လုပ်ငန်းတွေကို စီစဉ်ဆောင်ရွက်သလိုဖြစ်နေသလား။

## ဇယားပုံစံ ၂ - အသေးစိတ်စီမံချက်များကို လေ့လာဆန်းစစ်ခြင်း

| | **အသေးစိတ်အချက်အလက်များ**<br>ဒီဇိုင်းဆွဲစီစဉ်ထားသည့်အတိုင်း သင့်စီးပွားရေးလုပ်ငန်း၏အသေးစိတ်အချက်များကို အကြမ်းဖဉ်းရေးချပါ | **စံနှုန်းသတ်မှတ်ချက်များ**<br>ဤဆုံးဖြတ်ချက်ကို ဘာကြောင့်ချမှတ်ခဲ့တာလဲ |
|---|---|---|
| **ဘာတွေကိုလုပ်ဆောင်မှာလဲ** | *ဥပမာ - ရိုးရာယာခင်းတစ်ခု၏နေ့စဉ်လူနေမှုလေ့လာနိုင် ခရီးသွားဧည့်သည်များ ပါဝင်လေ့လာနိုင်စေသည့် ခရီးသွားအစီအစဉ်* | *ဥပမာ - လေဆိပ်သည် ဒေသ၏အဓိက စိုက်ပျိုးရေးနေရာအနီးတွင် တည်ရှိသည်။* |
| **ဘယ်နေရာမှာလဲ** | *ဥပမာ - မြစ်၏ကမာတို့ဖက်အခြမ်းရှိယာခင်းများ* | *ဥပမာ - ယခင်းအများစုသည် မြစ်၏ကမာတို့ဖက်အခြမ်းတွင် တည်ရှိသည်။* |
| **ဘယ်အချိန်မှာလဲ** | *ဥပမာ - ကမာတို့၏ကောက်ရိတ်သိမ်းပွဲတော် ကျင်းပချိန်* | *ဥပမာ - ရိုးရာပွဲတော်သည် နိုင်ငံခြားခရီးသွားဧည့်သည်များစိတ်ဝင်စားမည့် ယဉ်ကျေးမှုဆိုင်ရာဆွဲဆောင်မှုတစ်ခုဖြစ်နိုင်သည်။* |
| **ဝန်ထမ်းများ** | *ဥပမာ - ကပိုလူမျိုးဝန်ထမ်းအများစု* | *ဥပမာ - ကပိုဝန်ထမ်းများသည် ပညာအရည်အချင်းမြင့်မားပြီး ခရီးသွားလုပ်ငန်းများတွင် လုပ်ကိုင်ဖူးသောအတွေ့အကြုံပိုများသည်။* |
| **စီးပွားရေးလုပ်ငန်း၏ အကျိုးခံစားခွင့်ရှိသူများ** | *ဥပမာ - ဧည့်သည်များလာရောက်လည်ပတ်သည့် ယာခင်းများ၏ပိုင်ရှင်လယ်သမားယာသမားများ၊ လက်မှုပစ္စည်းပြုလုပ်သူများ၊နေ့လယ်စာ ရပ်နားစားသောက်သည့်ဒေသတွင်းစားသောက်ဆိုင်များ* | ဥပမာ-ဤပုဂ္ဂိုလ်များ/စီးပွားရေးလုပ်ငန်းများသည် *ယာခင်းများအနီးတစ်ဝိုက်တွင် တည်ရှိ၍ သူတို့အတွက် အလွယ်တကူ အကျိုးအမြတ်ရရှိစေသလို ခရီးသွားလုပ်ငန်းကုမ္ပဏီအတွက်လည်း လုပ်ငန်းပိုမိုအဆင်ပြေစေသည်။* |

| | | |
|---|---|---|
| **မိတ်ဖက်အဖွဲ့များ** | *ဥပမာ - အမျိုးသမီးအုပ်စု* | *ဥပမာ - အမျိုးသမီးအုပ်စုနှင့် မိတ်ဖက်လုပ်ကိုင်ခြင်းဖြင့် ခရီးသွားလုပ်ငန်းကုမ္ပဏီသည် ဒေသခံလက်မှုပစ္စည်းဈေးသည်များနှင့် နှစ်ဦးနှစ်ဖက် အမြတ်အစွန်းရရှိစေသော သဘောတူညီချက်များရယူနိုင်သည်။* |
| **အာဏာပိုင်များ** | *ဥပမာ - မြစ်၏ကပိုတို့ဖက်အခြမ်းတွင် ခရီးသွားလုပ်ငန်းကုမ္ပဏီက အာဏာပိုင်များထံတွင် စာရင်းသွင်းမှတ်ပုံတင်ထားခြင်း။* | *ဥပမာ - ခရီးသွားလုပ်ငန်းကုမ္ပဏီ၏အဓိကရုံးခန်းသည် မြစ်၏ကပိုတို့ဖက်အခြမ်းတွင်တည်ရှိ၍ ကပိုအာဏာပိုင်များနှင့် ကောင်းမွန်သော ဆက်ဆံရေးထိန်းသိမ်းထားခြင်းသည် အကျိုးများနိုင်သည်။* |

## ဘာတွေကိုလုပ်ရမှာလဲ(၂)

အသေးစိတ်စီမံချက်များလေ့လာဆန်းစစ်ခြင်းပြီးစီးသည့်အခါ အပြုအမူများကို စိစစ်လေ့လာနိုင်ဖို့အတွက် လေးစားမှု (Respect)၊ တာဝန်ယူတာဝန်ခံမှု(Accountabilty)၊ မျှတမှု(Fairness) နှင့် ပွင့်လင်းမြင်သာမှု(Transparency) မှုဘောင် (RAFT) ကို ဆက်လက်ကြည့်ရှုနိုင်သည်။ လုပ်ဆောင်ချက် (Action) များသည် ကျွန်ုပ်တို့ ဘာလုပ်သလဲ ဆိုတာကို ဖော်ပြပြီး အပြုအမူ(behavior)များသည် ဤလုပ်ဆောင်ချက်များအား မည်သို့ဆောင်ရွက်သည်ကို ဖော်ပြသည်။

လုပ်ဆောင်ချက်များတွင် ကျွန်ုပ်တို့ မည်သည့် အရင်းအမြစ်များကို ယူဆောင်လာသည်၊ မည်သူတွေကို ရွေးချယ်ခန့် အပ်သည်၊ မည်သည့်နေရာမှာနေထိုင်သည်၊ မည်သည့်နေရာမှာလုပ်ကိုင်သည်၊ မည်မျှ ကြာအောင် လုပ်ဆောင်သည်၊ ဘယ်သူတွေနဲ့လုပ်သည်ဆိုသောအချက်များ ပါဝင်သည်။ ၄င်းတို့ကို အသေးစိတ်စီမံချက်လေ့လာဆန်းစစ်ခြင်းတွင် စိစစ်ဖော်ထုတ်ရသည်။

အပြုအမူဆိုသည်မှာ ကျွန်ုပ်တို့အထက်ပါလုပ်ရပ်များကို မည်သို့ပြုမူလုပ်ဆောင်သည်ကို ဆိုလိုသည်။ ကုန်ပစ္စည်းများ ၊ ဝန်ဆောင်မှုများကို ကျွန်ုပ်တို့ဘယ်လိုယူဆောင်လာသည်၊ ဝန်ထမ်းများကို ဘယ်လိုရွေးချယ်ခန့်အပ်ပြီး ဒေသခံမိတ်ဖက်အဖွဲ့များ၊ဝန်ထမ်းများနှင့် ဘယ်လိုပူးပေါင်းလုပ်ကိုင်သည်၊ ဒေသခံလူထုထဲမှာ ဘယ်လိုနေထိုင်သည်၊ နေ့စဉ်ရက်ဆက် ဘယ်လိုလုပ်ကိုင်ဆောင်ရွက်သည်ဆိုသော အပြုအမူများကို သတိပြုရမည်။ အားလုံးထဲတွင်အရေးကြီးဆုံးမှာ လူများကိုမည်သို့ဆက်ဆံပြုမူသလဲ ဆိုသောအချက်ဖြစ်သည်။ အပြုအမူများကို လေးစားမှု(Respect)၊တာဝန်ယူတာဝန်ခံမှု(Accountabilty)၊ မျှတမှု(Fairness)နှင့်ပွင့်လင်းမြင်သာမှု(Transparency) ဟူ၍ ကျယ်ပြန့်သောအမျိုးအစား(၄)ခုခွဲနိုင်သည်။(RAFT)

## ဘယ်လိုလုပ်ရမှာလဲ(၂)

သင်၏ကုမ္ပဏီနှင့်စီးပွားရေးလုပ်ငန်းများသည် လူများနှင့် ဒေသခံလူထုများအပေါ် လေးစားမှု၊ တာဝန်ယူတာဝန်ခံမှု၊ မျှတမှုနှင့် ပွင့်လင်းမြင်သာမှုတို့ဖြင့် အသေအချာပြုမှုဆက်ဆံနိုင်စေရန် အောက်ကပါဇယားကို မကြာခဏပုံမှန် လေ့လာကြည့်ရှုပါ။

**ဇယား ၁ - လေးစားမှု၊တာဝန်ယူတာဝန်ခံမှု၊မျှတမှုနှင့် ပွင့်လင်းမြင်သာမှုမှုဘောင်**

| အပျက်သဘောဆောင်သော<br>အပြုအမူဆိုင်ရာပုံစံများ | ကျယ်ပြန့်သောအပြုအမူ<br>အမျိုးအစား(၄)မျိုး | အပြုသဘောဆောင်သော<br>အပြုအမူဆိုင်ရာပုံစံများ |
|---|---|---|
| ပြိုင်ဆိုင်မှု<br>မယုံသင်္ကာဖြစ်မှု<br>ဒေါသနှင့်ရန်လိုမုန်းထားခြင်း<br>အလေးမထားခြင်း<br>ကြောက်ရွံ့ခြင်း<br>အပေါ်စီးမှပြောဆိုခြင်း(သူတို့အကြောင်း၊<br>ဘာလုပ်ရမယ်၊ဘယ်လိုစဉ်းစားရမယ်) | **လေးစားမှု** | လက်တွဲပြီး ပူးပေါင်းဆောင်ရွက်ခြင်း<br>ယုံကြည်မှု<br>တည်ကြည်ငြိမ်သက်မှု<br>ဒေသခံများ၏အလေးထားမှုကို သိရှိခြင်း<br>ရဲရင့်မှု<br>နားထောင်ခြင်း(လူများက သူတို့အတွက်<br>ဘာတွေအရေးကြီးတယ်လို့ပြောသလဲ၊ဘာကြောင့်လဲ) |
| လုပ်ပိုင်ခွင့်အာဏာကင်းမဲ့ခြင်း<br>ပြစ်ဒဏ်မခံယူရဘဲ(အပြစ်မှ)<br>ကင်းလွတ်ခြင်း<br>လက်နက်နှင့်အာဏာပြမှု | **တာဝန်ယူတာဝန်ခံမှု** | အပြုသဘောလုပ်ဆောင်ချက်<br>တာဝန်ခံယူမှု<br>တရားဥပဒေအတိုင်း(သို့)အကြမ်းမဖက်သည့်<br>နည်းလမ်းဖြင့်<br>ပြုမူဆောင်ရွက်ခြင်း |
| မတူညီသောနေထိုင်မှုဘဝရှိသူများအတွက်<br>တန်းတူမဟုတ်ဘဲကွဲပြားသော<br>တန်ဖိုးထားများ<br>စည်းကမ်းများကို လျစ်လျူရှုခြင်း<br>မျှမျှတတမရှိခြင်း | **မျှတမှု** | တန်ဖိုးကိုအသိအမှတ်ခြင်း<br>စည်းကမ်းလိုက်နာခြင်း<br>တရားမျှတမှုရှိခြင်း |
| ပိတ်ဆို့ထားခြင်း<br>ဆုံးဖြတ်ချက်ချမှတ်သည့်ဖြစ်စဉ်ကို<br>မသိရှိရခြင်း<br>သတင်းအချက်အလက်များကို<br>ဖုံးကွယ်ထားခြင်း<br><br>*ပွင့်လင်းမြင်သာမှုမရှိခြင်းက*<br>*အထက်ပါအပြုအမူများအားလုံးကို*<br>*ဖြစ်ပေါ်စေတတ်သည်။* | **ပွင့်လင်းမြင်သာမှု** | ဖွင့်လှစ်ထားခြင်း<br>ဆုံးဖြတ်ချက်ချမှတ်သည့်ဖြစ်စဉ်ကို သိရှိနိုင်ခြင်း<br>သတင်းအချက်အလက်မျှဝေပေးခြင်း<br><br>*ပွင့်လင်းမြင်သာမှုရှိခြင်းသည်*<br>*အထက်ပါအပြုအမူအားလုံးကို*<br>*ဖြစ်ပေါ်စေတတ်သည်။* |

## အဆင့် ၃ - ထိခိုက်မှုအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အခွင့်အလမ်းများကို လေ့လာဖော်ထုတ်ခြင်း



ရေခံမြေခံအခြေအနေနှင့် မိမိ၏စီးပွားရေးလုပ်ငန်းစဉ်များကို လေ့လာဆန်းစစ်ပြီးသည့်နောက်တွင် တတိယအဆင့်၌ မိမိ၏လုပ်ဆောင်ချက်များသည် ရေခံမြေခံအခြေအနေနှင့်မည်သို့ အပြန်အလှန်ဆက်စပ်သက်ရောက်မှုရှိသည်ကို သိရှိနားလည်ရန်လိုအပ်သည့်အပြင် ပိုင်းခြားစေသောအရာများနှင့်ဆက်စပ်စေသောအရာများကို တိုးစေ၊ လျော့စေနိုင်သည့် ထိခိုက်မှုအန္တရာယ်များနှင့် အခွင့်အလမ်းများကို ပါလေ့လာဖော်ထုတ်ရမည်။

### ဘာကြောင့်လုပ်ရတာလဲ

- စီမံကိန်းလုပ်ဆောင်ချက်အသစ်များ စီစဉ်ရေးဆွဲရာနှင့် လူထုနှင့်ချိတ်ဆက်လုပ်ဆောင်မှုနည်းဗျူဟာဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် မိမိ၏လုပ်ငန်းသည် ရေခံမြေခံနောက်ခံအခြေအနေနှင့် မည်သို့ဆက်စပ်သက်ရောက်မှုရှိပြီး တင်းမာမှုများနှင့်ပေါင်းစည်းညီညွတ်မှုများကို မည်သို့တိုးစေ၊လျော့စေသည်ကို နားလည်သဘောပေါက်ခြင်းသည် မရှိမဖြစ်လိုအပ်သောအဆင့်တစ်ခုဖြစ်သည်။

- ပိုင်းခြားစေသောအရာများနှင့်ဆက်စပ်စေသောအရာများကို သိရှိနားလည်ခြင်းဖြင့် စီမံကိန်းနှင့် လူထုများအပေါ် ကျရောက်နိုင်သည့် ထိခိုက်မှုအန္တရာယ်ဖြစ်နိုင်ခြေများကို ကြိုတင်ခန့်မှန်းနိုင်ပြီး အထိအခိုက်လျော့နည်းအောင် ကြိုးပမ်းလုပ်ဆောင်နိုင်သည်။ ထို့အပြင် မိမိ၏စီမံကိန်းနှင့် ဒေသခံလူထုများကို အပြုသဘော ဆောင်သော သက်ရောက်စေနိုင်သော အခွင့်အလမ်းအသစ်များကိုလည်း ရှာဖွေဖော်ထုတ်နိုင်စေမည်ဖြစ်သည်။

- ဆွေးနွေးသောအခါ စကားပိုင်းများကို အသေအချာဂရုစိုက်၍ ဆင်ဆင်ခြင်ခြင်ပြုလုပ်ရန် သတိထားရမည်။ ပိုင်းခြားစေသောအရာများနှင့်ဆက်စပ်စေသောအရာများအကြောင်းကို ဆွေးနွေးရာတွင် ဒေသခံ လူထုများနှင့်ချိတ်ဆက်လုပ်ဆောင်ခြင်းသည် ယုံကြည်မှုနှင့်နားလည်မှုကို တည်ဆောက်ရာတွင်အထောက်အကူပြုနိုင်သည်။ သို့သော် အငြင်းပွားဖွယ်အကြောင်းအရာများနှင့် ပြောဆိုရမလွယ်ကူသောကိစ္စရပ်များကို

**A**ctions and
လုပ်ဆောင်ချက်များနှင့်

**B**ehaviours have
အပြုအမူများတွင်

**C**onsequences
အကျိုးဆက်များ
ရှိသည်။


## ဘာတွေကိုလုပ်ရမှာလဲ

ဤအဆင့်၌ ရှေ့တွင်ဖော်ပြထားသောဇယားပုံစံများကို ပြန်လည်ကြည့်ရှုပြီး မိမိတို့ကုမ္ပဏီ၏ လုပ်ဆောင်ချက်များ ရှုထောင့်မှနေ၍ စဉ်းစားဆင်ခြင်ရမည်။ ယခုလေ့ကျင့်ခန်းကိုလည်း အုပ်စုလိုက်လုပ်ဆောင်လျှင်အကောင်း ဆုံးဖြစ်သည်။ အဓိကအားဖြင့်လက်ရှိရေခံမြေခံအခြေအနေအတွင်းရှိ တင်းမာမှုရင်းမြစ်များ (ပိုင်းခြားစေသောအရာ များ)ကိုစိစစ်လေ့လာရမည်ဖြစ်သည်။ ထို့နောက် အထူးသဖြင့်ကုမ္ပဏီ၏ လုပ်ဆောင်ချက်များ ကြောင့်ထွက်ပေါ် လာသော ပိုင်းခြားစေသောအရာများကိုလေ့လာဖော်ထုတ်ရမည်။

## ဘယ်လိုလုပ်ရမှာလဲ

မိမိတို့ပြုလုပ်ခဲ့ကြသော ပိုင်းခြားစေသာအရာနှင့် ဆက်စပ်စေသောအရာများကို လေ့လာဆန်းစစ်ခြင်း (ဇယားပုံစံ ၁) သို့ ပြန်လည်ကြည့်ပါ။ ထိုစာရင်းနှစ်ခုမှ အရေးကြီးဆုံး ပိုင်းခြားစေသောအရာနှင့် ဆက်စပ်စေသော အရာများကို ရွေးထုတ်ပါ။ ထိုသို့ ရွေးထုတ်စဉ် အောက်ပါအချက်များကို စဉ်းစားရန်လိုပါသည်။

- ထိုအရာများဖြစ်လာနိုင်ခြေမည်မျှရှိပါသလဲ။
- ဖြစ်လာခဲ့သော် မည်မျှအတိုင်းအတာအထိ ဖြစ်လာနိုင်ပါသလဲ။
- ၎င်းတို့သည် သင့်လုပ်ငန်းများနှင့် မည်မျှဆက်စပ်နေပါသလဲ။




ထို့နောက် အသေးစိတ်စီမံချက် လေ့လာဆန်းစစ်မှုအပိုင်းသို့ ဆက်လက် ဆောင်ရွက်ပါ။ သင့်ကုမ္ပဏီ၏ လုပ်ငန်းများနှင့် အပြုအမူများက သင်ယခုရွေးချယ်ထားသည့် ဆက်စပ်စေသော အရာများနှင့် ပိုင်းခြားစေသောအရာများအပေါ် သက်ရောက်မှုအတိုင်းအတာ မည်မျှရှိသည်ကို ဆန်း စစ်ရန်လိုပါသည်။ သင့်အပြုအမူနှင့် လုပ်ဆောင်ချက်များကြောင့် တင်းမာမှုများ ကြီး ထွားလာစေသလား။ ယခင်ရှိပြီးသား ဆက်စပ်မှု များကို ပျက်စီးသွားစေခြင်းဖြင့် တင်းမာ မှုများ တိုးပွားလာစေတာလား။ သင်သည် ဆက်စပ် စေသော အရာများကို ပိုမို ကောင်းမွန်စေ သလာ/ ဆိုးရွားစေသလား။

သင်သည် ပိုင်းခြားစေသောအရာများကို လေ့လာဆန်းစစ်ရာတွင် လက်ရှိအချိန်နှင့်အနာဂတ်တွင် ဖြစ်လာနိုင်သော အခြေအနေများကိုပါ ထည့်သွင်းစဉ်းစားရမည်ကို သတိပြုပါ။ သင်၏လေ့လာဆန်းစစ်ချက်သည် အောက်ပါ မေးခွန်း နှစ်ခုကို ဖြေဆိုနိုင်ရမည်။

" ရေခံမြေခံအခြေအနေသည် ယခုအချိန်တွင် မည်သည့်အနေအထားရှိသနည်း။"( ဇယားပုံစံ ၁)

"ကျွန်ုပ်တို့၏စီစဉ်ထားသောလုပ်ငန်းများကို စတင်လုပ်ဆောင်လျှင် ဒေသခံလူထုများအတွက် မည်သို့ အခြေအနေ အပြောင်းအလဲများ ဖြစ်လာမည်နည်း။" (ဇယားပုံစံ ၂)

## ဇယားပုံစံ ၃: ထိခိုက်မှုအန္တရာယ်ဖြစ်နိုင်ခြေများကို ရှာဖွေဖော်ထုတ်ခြင်း၊ ဆက်စပ်စေသောအရာများနှင့် ပိုင်းခြား စေသောအရာများအပေါ် သက်ရောက်မှုများ

| အဓိက ပိုင်းခြားစေသော အရာများ | ↑ သို့ ↓ဖြစ်စေသော လုပ်ဆောင်ချက်များ | စီးပွားရေးလုပ်ငန်းများကြောင့်ပိုမိုတိုးပွားလာသောတင်းမာမှုရင်းမြစ်များ (သို့ ) လျော့ကျသွားသောဆက်စပ်စေသောအရာများက ဘာတွေလဲ။ ဘယ်လိုဖြစ်လာတာလဲ။ ဘာကြောင့်လဲ။ |
|---|---|---|
| *ဥပမာ။ ။ ကမာဘက်မြစ်ကမ်းတွင် အရည်အသွေးပြည့် စားနပ်ရိက္ခာများ ပိုမိုလွယ်ကူစွာ အဆင်သင့် ရရှိခြင်း* | ↑ | *လယ်ကွင်းများသို့ သွားရောက်လေ့လာခြင်းအပေါ်တွင် စီးပွားရေးလုပ်ငန်းများကို အခြေခံထားသည်။ လယ်ကွင်းများမှာ ကမာဘက်အခြမ်းတွင် အဓိကရှိပါသည်။ ထိုအခြေအနေကြောင့် ကမာဘက်တွင် ဝင်ငွေရှာနိုင်သည့် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးထားသည့် အနေအထားမျိုးရှိလာနိုင်ပါသည်။* |

| | | |
|---|---|---|
| *ဥပမာ။ ။ ကမာကောက်သစ်စားပွဲ၌ ကပိုအုပ်စုပါဝင်ခွင့်မရခြင်း။* | ↑ | *ကမာတို့၏ ပျော်ပွဲရွှင်ပွဲသို့ ကျွမ်းကျင်လှသည့်ခရီးသည်များပါဝင်လာခြင်းသည် ထိုပွဲအပေါ်ပိုမိုအာရုံစူးစိုက်လာစေနိုင်ပြီး ပွဲမှ ရရှိသောဝင်ငွေကို ပိုမိုများပြားလာစေမည် ဖြစ်သည်။ ယင်းအခြေအနေသည် ပွဲတွင်ပါဝင်ခွင့် မရှိသဖြင့် အကျိုးအမြတ်ရမည်မဟုတ်သော ကပိုတို့နှင့် ကမာလူမျိုးတို့ကြား ဆက်ဆံရေးအခြေအနေကိုပိုမို ဆိုးရွားလာစေမည်ဖြစ်သည်။* |
| *ဥပမာ။ ။ ဝန်ဆောင်မှုဖြန့် ဝေရာတွင် ညီမျှမှု မရှိခြင်း။ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပညာရေးဆိုင်ရာ ထောက်ပံ့မှုများသည် ကပိုမြစ်ကမ်းဘက်တွင်သာ ရှိသည် (ကပိုတို့က မိမိတို့လူမျိုး ပိုမိုသာလွန်သည်ဟု အထင်ရောက်လာခြင်း)* | ↑ + ↓ | *ကပိုဝန်ထမ်းများမှာ လစာကောင်းသည့် ခရီးသွားကုမ္ပဏီအလုပ်များနှင့် ပိုမိုဆက်စပ်မှုရှိလာပြီး ကမာလယ်သမားများမှာ ပညာရေးနှင့် ဝင်ငွေကွာဟမှုကြောင့် အချိန်ကာလတိုတစ်ခုအတွင်း (အထူးသဖြင့် ကပိုဝန်ထမ်းများက လယ်သမားများအား အပေါ်စီးမှနိမ့်၍ဆက်ဆံခဲ့သည်ရှိသော်) မကျေနပ်မှုများတိုးလာနိုင်သည်။ ရေရှည်တွင်မူ ကမာမိသားစုများ၏ တိုးပွားလာသော ဝင်ငွေအနေအထားကြောင့် သူတို့ကလေးများ၏ ပညာရေး ကဏ္ဍတွင်ပိုမိုသုံးစွဲလာနိုင်သည့်အတွက် ကွဲပြားမှုများကိုမေးမှိန်လာစေနိုင်ပါသည်။* |
| **အဓိကဆက်စပ်စေသောအရာများ** | **↑ သို့ ↓ဖြစ်စေသော လုပ်ဆောင်ချက်များ** | **သင့်လုပ်ငန်းများကြောင့် ပိုမိုတိုးပွားလာသော(သို့ ) လျော့ကျသွားသော ဆက်စပ်စေသောအရာတွေက ဘာတွေလဲ။ ဘယ်လိုဖြစ်လာတာလဲ။ ဘာကြောင့်လဲ။** |
| *ဥပမာ- တံတားဆောက်ရန် စီမံချက်ရေးစွဲခြင်း* | ↑ | *ကုမ္ပဏီမှ ကျေးရွာခေါင်းဆောင်များ၏ခွင့်ပြုချက်ယူကာ တံတားပြန်လည်တည်ဆောက်ရန် ပစ္စည်းများထောက်ပံ့ပေးမည်ဖြစ်သည်။ ဤနည်းအားဖြင့် နှစ်ဘက်အုပ်စု၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှု စီးဆင်းမှုကို ပိုမိုကောင်းမွန်လာစေပြီး ကျွမ်းကျင်လှသည့်ခရီးသည်များအား ကပိုဘက်အခြမ်းသို့ပါရောက်ရှိစေကာ နေ့လည်စာ နှင့် အခြားထုတ်ကုန်များ ဝယ်ယူလာစေနိုင်ခြင်းဖြင့် ကပိုဒေသခံများအတွက်  ဝင်ငွေရရှိနိုင်သော အခွင့်အလမ်းများပိုတိုးလာမည်ဖြစ်သည်။* |
| *ဥပမာ။ ။ လူငယ်အုပ်စုနှင့် အမျိုးသမီးအုပ်စုများကြောင့် လူအများစုစည်းမှုဖြစ်ပေါ်လာစေခြင်း* | ↑ | *အမျိုးသမီးအုပ်စုများနှင့်တွဲဖက်အလုပ်လုပ်ခြင်းအားဖြင့် ထိုအုပ်စုအားဝင်ငွေနှင့် လွှမ်းမိုးမှုအားပိုမိုကောင်းမွန်လာစေပြီး ထိုအုပ်စု၏ ကမာနှင့်ကပိုလူထုအကြား ချိတ်ဆက်ပေးနိုင်မှုစွမ်းရည်ကို ပိုမိုမြှင့်တင်နိုင်စေမည် ဖြစ်သည်။* |

# အဆင့် ၄ - ရွေးချယ်စရာနည်းလမ်းများရှာဖွေဖော်ထုတ်ခြင်း

သင်အလုပ်လုပ်ရာဒေသ၏ ရေခံမြေခံနောက်ခံအခြေအနေကို ကောင်းမွန်စွာနားလည်ခြင်း (အဆင့်၁)၊ သင့်အပြုအမူ နှင့် လုပ်ဆောင်ချက်များ၏ အရေးပါပုံကို သိရှိနားလည်ထားခြင်း (အဆင့်၂)၊ သင့်လုပ်ငန်းများက ဒေသ၏ ရေခံမြေခံနောက်ခံအခြေအနေနှင့် မည်သို့ ဆက်နွယ်သက်ရောက်နေ ပုံ နှင့် ပေါ်ပေါက်လာနိုင်သော ထိခိုက်မှုအန္တရာယ်များကို လေ့လာဆန်းစစ်ခြင်း (အဆင့်၃) တို့ ကို ပြီးစီးသည့်နောက်တွင် ရွေးချယ်စရာနည်းလမ်းများကို ရှာဖွေဖော်ထုတ်ရန်အချိန်ကျရောက်ပြီဖြစ်သည်။ ယခုအဆင့်၏ ရည်ရွယ်ချက်မှာ ဒေသခံလူထုများသို့ ကျရောက်နိုင်သည့်ထိရောက်မှုများကိုလျော့ကျစေရန်၊ အကျိုးအမြတ်များ ပိုမိုတိုးပွားစေရန်နှင့် ဒေသခံလူထုနှင့် သင်၏လုပ်ငန်း အတွက် အထိအခိုက်အန္တရာယ်များ လျော့နည်းစေနိုင်ရန်ဖြစ်သည်။

သင့်လုပ်ငန်းတစ်ခုလုံးကိုပြောင်းလဲ၍သော်လည်းကောင်း၊ လုပ်ငန်း၏အချို့အစိတ်အပိုင်းများကို လိုတိုးပိုလျှော့ လုပ်ပေး၍ သော်လည်းကောင်း ပိုမိုကောင်းမွန်သောအကျိုးသက်ရောက်မှုမျိုးဖြစ်ပေါ်လာစေနိုင်သည့် ရွေးချယ်စရာနည်းလမ်းများသည် အမြဲတမ်း တည်ရှိပါသည်။

## ဘာကြောင့်လုပ်ရမှာလဲ

ရွေးချယ်စရာနည်းလမ်းသစ်များကို ရှာဖွေဖော်ထုတ်ခြင်းသည် ဒေသခံလူထုများနှင့် အပြုသဘောဆောင်ပြီး ပူးပေါင်းပါဝင်မှုရှိသောဆက်ဆံရေးမျိုးတည်ဆောက်ရန် အခွင့်အလမ်းများကို ရရှိစေနိုင်ပါသည်။ တစ်ဆက်တည်းမှာပင် မလိုလား အပ်သော ဆိုးကျိုးများကိုလည်း လျော့ချစေနိုင်သည်။ ဒေသတွင်းရှိပြောင်းလဲနေသည့် ရေခံမြေခံအနေအထားနှင့် လူမှုဆက်ဆံရေး အနေအထားများမှာ တသမတ်တည်းရှိနေသည်မဟုတ်ပေ။ ဒေသအခြေအနေကို ပိုမိုနားလည်ကာ လိုက်လျောညီထွေစွာ ပြောင်းလဲနိုင်မည်ဆိုပါက လုပ်ငန်းစဉ်များသည် ဒေသ၏ ရေခံမြေခံနောက်ခံအခြေအနေနှင့် ပိုမိုဆက်စပ်မှုရှိနိုင်လာလေလေဖြစ်သည်။

## ဘာတွေကို လုပ်ရမှာလဲ

သင်အလုပ်လုပ်ရာ ဒေသအခြေအနေအတွင်း၌ ရွေးချယ်စရာနည်းလမ်းများကို အုပ်စုလိုက်ဆွေးနွေးရင်း တီထွင်ကြံဆပါ။ ဒေသ အနေအထားနောက်တစ်ခုတွင် အခြားသူများရှာဖွေထားသည့်နည်းလမ်းများက မိမိအားနည်းလမ်းအသစ်အတွက် အကြံဉာဏ်များ ရစေနိုင်သော်လည်း ရေခံမြေခံအခြေအနေတစ်ခုစီသည် တစ်မျိုးတစ်ဖုံကွဲပြားမှုရှိတတ်သည်။ သင်သည်အပြင်လူတစ်ဦးဖြစ်နေပါက ဒေသခံများနှင့်ပူးပေါင်းဆောင်ရွက်ပါ။ ဒေသခံများက အပြင်လူများထက် ရေခံမြေခံအခြေအနေကို ပိုမိုသိရှိသည့်အလျောက် မည်သည့်အရာကအလုပ်ဖြစ်နိုင်သည်၊မည်သည့်အရာက မဖြစ်နိုင်သည်ကို မှန်မှန်ကန်ကန်သုံးသပ်နိုင်ပေလိမ့်မည်။ ထို့ကြောင့် မသိသည်များကိုမေးမြန်းတတ်ရန် အရေးကြီးပါသည်။

## ဘယ်လိုလုပ်ရမှာလဲ

အောက်ပါအဆင့်များသည် သင်၏ အုပ်စုလိုက် ဆွေးနွေးချက်များ စနစ်တကျလုပ်ဆောင်နိုင်စေရန် အတွက် အကြံပြုထား ခြင်းဖြစ်သည်။

| | |
|---|---|
| I | ပိုင်းခြားစေသောအရာများနှင့်ဆက်စပ်စေသောအရာများလေ့လာဆန်းစစ်ချက်ကို ကြည့်ရှု၍ အောက်ပါ မှတ်စုတို(၇)တွင်ပါရှိသောမေးခွန်းများကို ထည့်သွင်းစဉ်းစားကာ ဘယ်ပုံစံအတိုင်းပြောင်းလဲလိုသည်ကို ဆုံးဖြတ်ပါ။ |
| II | အသေးစိတ်စီမံချက်လေ့လာဆန်းစစ်မှုနှင့် RAFTစိစစ်သုံးသပ်ချက်တို့ကို အသုံးပြုကာ ပိုင်းခြားစေသောအရာများနှင့်ဆက်စပ်စေသောအရာများ ဘယ်လိုနှင့်ဘာကြောင့်ပြောင်းလဲနေရသည်ကို မှတ်စုရေးချပါ။ |
| III | ပိုင်းခြားစေသောအရာများနှင့်ဆက်စပ်စေသောအရာများပြောင်းလဲနေသည့်ပုံစံများကို ခွဲခြမ်းဖော်ထုတ်ပြီးနောက် ရွေးချယ်စရာနည်းလမ်းများနှင့်အခွင့်အလမ်းများကို ခေါင်းချင်းရိုက်ဆွေးနွေးရှာဖွေပါ။ မိမိတို့လေ့လာတွေ့ရှိသော အခြေအနေပုံစံတစ်ခုစီနှင့် ပတ်သက်၍ ဖော်ပြချက်စာတစ်ကြောင်းရေးသားပြီး ထိုပုံစံများကိုပြောင်းလဲစေမည့်(သို့)ထောက်ပံ့ပေးနိုင်မည့် အနည်းဆုံးအကြံဉာဏ်တစ်ခုကို ဖော်ထုတ်ပါ။ |
| IV | ဆွေးနွေးတိုင်ပင်ပါ။ ဤနည်းလမ်းများ သင့်လျော်မှန်ကန်မှုရှိသလား။ အတိအကျဆန်းစစ်ပါ။ ကောင်း၊မကောင်း ဘယ်လိုသိရှိနိုင်မလဲ။ အပြောင်းအလဲများဖြစ်ပေါ်လာသည့်အခါ သိရှိနိုင်စေရန် (အပြောင်းအလဲများကို) တိုင်းတာနိုင်မည့်အညွှန်းစံသတ်မှတ်ချက်များစဉ်းစားထားပါ။ |
| V | သင်ရှာဖွေထားသောရွေးချယ်စရာနည်းလမ်းများနှင့်အခွင့်အလမ်းများကို ပြန်လည်ဆန်းစစ်ပါ။ ၄င်းတို့သည် သင်လေ့လာတွေ့ရှိခဲ့သောအခြေအနေပုံစံများနှင့် ဆက်စပ်မှုရှိပါသလား/ ထိုပုံစံများကိုပြောင်းလဲအောင်ဖြေရှင်းပေးနိုင်မလား။ ထိုသို့မဟုတ်ပါက နောက်တစ်ခေါက် ထပ်မံကြိုးစားကြည့်ပါ။ ပြောင်းလဲမှုတစ်ခုသည် သင်မျှော်လင့်ထားသောအကျိုးသက်ရောက်မှုကို ဘာကြောင့်ဖြစ်စေသည်/ မျှော်လင့်သည့်အတိုင်းဘာကြောင့်မဖြစ်သည်ကို သိရှိနားလည်နိုင်ရန် ဘယ်ဖြစ်စဉ်အား အသုံးပြုလုပ်ဆောင်ရမည်ကို စဉ်းစားပါ။ ပြောင်းလဲမှုများသည် မိမိမျှော်လင့်သောရလဒ်မဖြစ်ပေါ်စေသောအခါ အရန်သင့်ပြင်ဆင်ထားသောရွေးချယ်စရာနည်းလမ်းရှိပါသလား။ |

**မှတ်စုတို ၇ - ရွေးချယ်စရာနည်းလမ်းများရှာဖွေဆန်းစစ်ခြင်းအတွက် လမ်းညွှန်မေးခွန်းများ**

*•သင်လေ့လာတွေ့ရှိထားသော ပိုင်းခြားစေသောအရာများ(သို့)ဆက်စပ်စေသောအရာများကို မည်သို့ပြောင်းလဲလာအောင်လုပ်နိုင်သလဲ။ သင်၏အဖွဲ့(သို့)ကုမ္ပဏီအနေနှင့် အပြုသဘောအကျိုးသက်ရောက်မှုရှိစေရန် ဘာတွေလုပ်ဆောင်နိုင်သလဲ။*

*• မလိုလားအပ်သောသက်ရောက်မှုဖြစ်ပေါ်စေသည့် သင်၏လက်ရှိလုပ်ဆောင်ချက်တွေက ဘာတွေလဲ။ဘာကြောင့် ဒီဆိုးကျိုးသက်ရောက်မှု ဖြစ်ပေါ်နေရတာလဲ။ ဒီအကျိုးသက်ရောက်မှုကို လွှမ်းမိုးနိုင်အောင် သင်ဘာတွေကိုပြောင်းလဲနိုင်မလဲ။*

*• ဒီဒေသက လူတွေအကြမ်းဖက်မှု(သို့)ပဋိပက္ခမှာ ပါဝင်လာအောင် ဘာတွေကတွန်းအားပေးနေသလဲ။ ဒီအခြေအနေကို တန်ပြန်တိုက်ဖျက်နိုင်အောင် ဘာတွေကို အားပေးထောက်ပံ့ပေးနိုင်သလဲ။ လက်ရှိအခြေအနေတွင် သင်က ပဋိပက္ခ(သို့)အကြမ်းဖက်မှုအတွက် အားပေးထောက်ပံ့သလိုဖြစ်နေသလား။*

*• ဘယ်သက်ရောက်မှုပုံစံတွေက လက်ရှိအခြေအနေနှင့်အချိန်အခါမှာ အရေးကြီးဆုံးဖြစ်နေသလဲ။ ၄င်းတို့ကို ပြောင်းလဲလာအောင် သင်ဘာတွေလုပ်နိုင်သလဲ။ လေ့လာတွေ့ရှိထားသောပုံစံများကို သင့်အတွက်အကျိုးအမြတ်ရရှိနိုင်အောင် ဘယ်လိုအသွင်ပြောင်းနိုင်မလဲ။*

နောက်ဆုံးအနေနှင့် ရွေးချယ်စရာနည်းလမ်းများကို ဦးစားပေးသတ်မှတ်ရာတွင် အောက်ပါစံနှုန်းသုံးချက်ကို ထည့်သွင်း စဉ်းစားပါ။

- သက်ရောက်မှုပုံစံများ - ရွေးချယ်စရာနည်းလမ်းတစ်ခုသည် လေ့လာတွေ့ရှိထားသော သက်ရောက်မှုပုံစံများကို တိုက်ရိုက်ထိတွေ့ဖြေရှင်းနိုင်ခြင်းမရှိလျှင် ယခုလောလောဆယ် ဘေးဖယ်ထားလိုက်ပါ။
- ကြာချိန် - အကောင်အထည်ဖော်ရန် အချိန်အနည်းငယ်သာလိုသောရွေးချယ်စရာနည်းလမ်းများကို ယေဘုယျအားဖြင့် ပိုမိုကောင်းမွန်သည်ဟု သတ်မှတ်နိုင်သည်။ ထိုနည်းလမ်းများ၏ အကျိုးရလဒ်များကို အလျင်အမြန်တွေ့ရှိနိုင်ပြီး သင့်အတွက်လည်း ထပ်ခါတလဲလဲလုပ်ဆောင်ရန် အခွင့်အလမ်းများရရှိမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ရေတိုနည်းလမ်းများရော ရေရှည်နည်းလမ်းများကိုပါ လုပ်ဆောင်နိုင်သည်။
- အရင်းအမြစ်များ - မိမိတို့ရှာဖွေဖော်ထုတ်ထားသောရွေးချယ်စရာနည်းလမ်းများကို အမှန်တကယ်အကောင်အထည်ဖော်နိုင်ရန် လိုအပ်သောအရင်းအမြစ်များသင့်ဆီတွင်ရှိပါသလား။

## ဇယားပုံစံ ၄ - ရွေးချယ်စရာနည်းလမ်းများဖော်ထုတ်ခြင်း

| | |
|---|---|
| *အဆင့် ၁*<br>*မည်သည့်သက်ရောက်မှုပုံစံအား ပြောင်းလဲလိုသည်ကို ဆုံးဖြတ်ပါ။* | |
| *အဆင့် ၂*<br>*အသေးစိတ်စီမံချက်လေ့လာဆန်းစစ်ခြင်းနှင့် RAFTတို့ကို အသုံးပြုကာ ပိုင်းခြားစေသောအရာများနှင့် ဆက်စပ်စေသောအရာများ ဘယ်လိုနှင့်ဘာကြောင့်ပြောင်းလဲနေသည်ကို မှတ်စုရေးချပါ။* | |
| *အဆင့် ၃*<br>*ရွေးချယ်စရာနည်းလမ်းများနှင့်အခွင့်အလမ်းများ ကိုခေါင်းချင်းရိုက်အဖြေရှာပါ။* | |
| *အဆင့် ၄*<br>*ဆွေးနွေးတိုင်ပင်ပါ။* | |
| *အဆင့် ၅*<br>*မိမိတို့ရှာဖွေထားသောရွေးချယ်စရာနည်းလမ်းများနှင့် အခွင့်အလမ်းများကိုပြန်လည်ဆန်းစစ်ပါ။* | |
| ***အဆင့် ၆***<br>*အပြောင်းအလဲများကို အကောင်အထည်ဖော်ပါ။* | |
| ***အဆင့် ၇***<br>*မိမိ၏ဆုံးဖြတ်ချက်များကို ပြန်လည်ကြည့်ရှုပါ။ ဤလုပ်ဆောင်ပုံအဆင့်ဆင့်အတိုင်း ထပ်တလဲလဲပုံမှန် ဆောင်ရွက်ပါ။* | |
| **အထက်ဖော်ပြပါလုပ်ငန်းစဉ်များ သည်ထပ်ခါတလဲလဲဖြစ်သောဖြစ်စဉ်ဖြစ်သည်။** | |

## နိဂုံးချုပ်

ဤ Do No Harm ဆိုင်ရာလမ်းညွှန်တွင် တင်ပြထားသော နည်းစနစ်များနှင့်ဇယားပုံစံများသည် စီပွားလုပ်ငန်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများအား ခရီးသွားလုပ်ငန်းကဏ္ဍ၌ ၎င်းတို့၏ လုပ်ငန်းများကို ချဉ်းကပ်လုပ်ဆောင်ရာတွင် ဒေသခံလူထုနှင့် ပတ်ဝန်းကျင်နေရာများအပေါ် အပြုသဘောဆောင်သော ဆက်ဆံရေးများကို တိုးမြှင့်ပေးနိုင်ပြီး ထိခိုက်မှုအန္တရာယ်များ လျော့ကျစေနိုင်စေရန် ရည်ရွယ်ထားပါသည်။

Do No Harm နည်းလမ်းကိုအသုံးပြုခြင်းသည် တစ်ပွဲတိုးလုပ်ဆောင်ချက်မဖြစ်သင့်ကြောင်း ကိုလည်း နားလည်သဘော ပေါက်ထားရန် အရေးကြီးသည်။ ဒေသခံပုဂ္ဂိုလ်များနှင့် ပတ်ဝန်းကျင်နေရာများအပြင် ခရီးသွားလုပ်ငန်းကဏ္ဍတွင်လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများအားလုံးတို့အတွက် အကောင်းဆုံးအကျိုးရလဒ်များ ရရှိခံစားနိုင်စေရန်အတွက် မိမိတို့၏လုပ်ငန်းစဉ်များ၏ တိုးတက်မှုအခြေအနေကို မပျက်မကွက်စောင့်ကြည့်၍ ပြန်လည်ဆန်းစစ်ရင်း လုပ်ဆောင်ချက်များကို ပုံမှန်လိုတိုးပိုလျှော့လုပ်ပေးရန်နည်းစနစ်တစ်ခုအဖြစ်သာ Do No Harm ကို အသုံးပြုသင့်သည်။

# ဖြည့်စွက်ချက် ၁ - Do No Harmအတွက် လုပ်စရာစာရင်း

| | ပြီးစီး | မလုပ်ရသေး |
|---|---|---|
| **အဆင့် ၁ - ရေခံမြေခံနောက်ခံအခြေအနေကို သိရှိနားလည်ခြင်း** | | |
| ဒေသခံလူထုတွင်းရှိ မတူကွဲပြားသောပုဂ္ဂိုလ်များ၊သက်ဆိုင်သူအစုအဖွဲ့များနှင့် ပြောဆိုဆွေးနွေးပြီးပြီလား။ | | |
| ပိုင်းခြားစေသောအရာနှင့်ဆက်စပ်စေသောအရာလေ့လာဆန်းစစ်ချက်ကို လုပ်ဆောင်ပြီးပြီလား။(ဇယားပုံစံ ၁) | | |
| ထိုလေ့လာဆန်းစစ်ချက်ကို အဖွဲ့လိုက်လုပ်ဆောင်ခဲ့သလား။ | | |
| အဓိကပိုင်းခြားစေသောအရာများနှင့်ဆက်စပ်စေသောအရာများကို ဦးစားပေးရွေးချယ်ပြီးပြီလား။ | | |
| **အဆင့် ၂ - စီးပွားရေးလုပ်ငန်းစဉ်များကို လေ့လာဆန်းစစ်ခြင်း** | | |
| အသေးစိတ်စီမံချက်လေ့လာဆန်းစစ်ခြင်းကို လုပ်ဆောင်ပြီးပြီလား။ (ဇယားပုံစံ ၂) | | |
| မိမိတို့၏အပြုအမူများကို RAFTမူဘောင်နှင့် နှိုင်းယှဉ်၍ စိစစ်လေ့လာပြီးပြီလား။ | | |
| **အဆင့် ၃ - ထိခိုက်မှုအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အခွင့်အလမ်းများကို လေ့လာဖော်ထုတ်ခြင်း** | | |
| သင်၏လုပ်ဆောင်ချက်က ပိုင်းခြားစေသောအရာများနှင့်ဆက်စပ်စေသောအရာများအပေါ် မည်သို့သက်ရောက်မှုရှိသည်ကို လေ့လာဆန်းစစ်မှုပြုလုပ်ပြီးပြီလား။ (ဇယားပုံစံ ၃) | | |
| သင်တို့၏လုပ်ဆောင်ချက်များနှင့် အပြုအမူများက ရေခံမြေခံအခြေအနေအပေါ် မည်သို့အကျိုးဆက်များဖြစ်ပေါ်စေသည်ကို စိစစ်လေ့လာပြီးပြီလား။ | | |
| **အဆင့် ၄ - ရွေးချယ်စရာနည်းလမ်းများ ရှာဖွေဖော်ထုတ်ခြင်း** | | |
| ရွေးချယ်စရာနည်းလမ်းများကို ရှာဖွေဖော်ထုတ်ပြီးပြီလား။ (ဇယားပုံစံ ၄) | | |
| ထိုရွေးချယ်စရာနည်းလမ်းများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေသလား။ | | |

# ဖြည့်စွက်ချက် ၂ - လူထုနှင့်ချိတ်ဆက်လုပ်ဆောင်ခြင်းအတွက် အပြုသဘောချဉ်းကပ်နည်းများ

## လိုက်နာရန်စည်းမျဉ်းများ

လူထုနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်းသည် အပြုသဘောဆောင်သော၊ ခိုင်မာသည့်ဆက်ဆံရေးများ တည်ဆောက်နိုင်ရန်နှင့် မိမိတို့လုပ်ကိုင်နေသောရေခံမြေခံအခြေအနေကိုသိရှိနားလည်နိုင်ရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ ဤသို့ ချိတ်ဆက်လုပ်ဆောင်ခြင်းကို ပဋိပက္ခကို တားဆီးရန်အဓိက နည်းလမ်းတစ်ခုအဖြစ် အသုံးပြုပါ။ အောင်မြင်သော ချိတ်ဆက်လုပ်ဆောင်ခြင်းသည် ကျင့်ဝတ်ပိုင်းဆိုင်ရာ ဆင်ခြင်စရာများနှင့် သာမန်အသိစိတ်တို့ကို ပေါင်းစပ်ထား သော ရိုးရှင်း၍လက်တွေ့ကျသည့် စည်းမျဉ်းများကို အခြေခံထားသည်။

- **လေးစားမှု -** ထိတွေ့ဆက်ဆံရာနှင့် ဆက်သွယ်ပြောဆိုရာတွင် လေးစားမှုရှိပါ။ သင်၏ဂတ်စားဆင်ယင်ပုံ၊ပြောဆိုပုံနှင့် ပြုမူလုပ်ဆောင်ပုံတို့က ဒေသခံလူများနှင့် မည်မျှဆက်ဆံရေးကောင်းမွန်နိုင်မည်ကို အဆုံးအဖြတ်ပေးတတ်သည်။

- **ရိုးသားပွင့်လင်းမှု -** သတင်းအချက်အလက်များနှင့်သင်၏ရည်ရွယ်ချက်ကို အပြည့်အဝ၊မှန်မှန်ကန်ကန်၊ရိုးရိုးရှင်းရှင်း ထုတ်ဖော်အသိပေးပါ။ မျှော်လင့်ချက်များရှုပ်ထွေးမှု မဖြစ်ပါစေနှင့်။

- **အားလုံးပါဝင်နိုင်မှု -** လုပ်ငန်းဆောင်ရွက်ရာတွင် အစုအဖွဲ့အားလုံးအနေနှင့် သူတို့၏သဘောထားအမြင်များ မျှဝေနိုင်ခွင့်ရရှိစေရန် အားလုံးပါဝင်နိုင်မှုရှိပါစေ။ သို့မဟုတ်လျှင် သင်၏ကုမ္ပဏီသည် သင့်စီပွားရေး လုပ်ငန်းကို ထောက်ခံသူများနှင့်သာ/ပြောဆိုရလွယ်ကူသူများနှင့်သာ ပြောဆိုဆွေးနွေးသည်ဟု လူထုမှ အထင်ရောက်သွားလိမ့်မည်။

- **ပွင့်လင်းမြင်သာမှု -** လုပ်ငန်းစဉ်၏အစိတ်အပိုင်းအားလုံးတွင် ပွင့်လင်းမြင်သာမှုအပြည့်အဝ ထိန်းသိမ်းထားရှိပါ။ သို့မှသာ လူများက သင်၏လုပ်ဆောင်ချက်များကို ယုံကြည်လက်ခံကြပေလိမ့်မည်။

- **ဆက်သွယ်ဆက်ဆံခြင်း -** သင့်စီမံကိန်း၏အကျိုးအမြတ်များကိုဒေသခံလူထုအား အယုံသွင်းစည်းရုံးရုံမျှမဟုတ်ဘဲ သူတို့ပြောဆိုသည်များကို ဂရုတစိုက်တက်ကြွစွာနားထောင်ပေးပါ။

## ဘယ်သူတွေနဲ့ ပြောဆိုရမှာလဲ

- တိုင်းဒေသကြီးဆိုင်ရာနှင့် ဒေသခံကိုယ်စားလှယ်များပေါင်းစုံ (ဒေသတွင်းအာဏာပိုင်များ၊အန်ဂျီအိုများ ၊ရပ်ရွာလူထုအကြီးအကဲများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများအပါအဝင်)နှင့် တိုင်ပင်ဆွေးနွေးပါ။ ၄င်းတို့သည် တန်ဖိုးကြီးမားသောအရင်းအမြစ်များဖြစ်ပြီး သတင်းအချက်လက်များထောက်ပံ့ပေးနိုင်သလို ထပ်မံတွေ့ဆုံရန်လိုအပ်သောသက်ဆိုင်သူအစုအဖွဲ့များကိုလည်း လမ်းညွှန်ပေးနိုင်သည်။

- ဒေသခံလူထုနှင့် ပြောဆိုဆွေးနွေးပါ။ အခြားသူများသို့ လက်လှမ်းမီနိုင်စေရန်အတွက် လူထုအကြီးအကဲများကို အရင်ဦးဆုံးချဉ်းကပ်ပါ။ လူထုအတွင်းတွင်

အမျိုးသား၊အမျိုးသမီး၊လူငယ်၊လူကြီး၊တိုင်းရင်းသားလူမျိုးများ၊မသန်စွမ်းသူများ၊ ဂင်ငွေအနိမ့်အမြင့်ကွဲပြားသောမိသားစုများအားလုံးကို လက်လှမ်းမီနိုင်အောင်ကြိုးစားပါ။

- သင်အလုပ်ခန့်အပ်ထားသောလူများနှင့် စကားပြောကြည့်ပါ။ သူတို့သည် ရေခံမြေခံအခြေအနေဆိုင်ရာအကြောင်းအရာများကို သင့်အားနားလည်စေနိုင်ပြီး သင့်ကုမ္ပဏီအကြောင်းကိုလည်း သူတို့မိသားစုများ၊အိမ်နီးချင်းများအား မျှဝေပေးတတ်သည်။
- ဒေသခံလူအများကို လက်လှမ်းမီနိုင်စေရန် သမားရိုးကျဖြစ်ဖြစ်/မဖြစ်ဖြစ် လမ်းကြောင်း(နေရာ)ပေါင်းစုံကို အသုံးပြုပါ။ (ဥပမာ-လက်ဖက်ရည်ဆိုင်၊ဘုရားစေတီ၊စာသင်ကျောင်း)

## လူထုအတွင်းဂင်ရောက်သောအခါ သတိထားစရာများ

နေရာဒေသတစ်ခုသို့ ခြေမချမီကပင် ဒေသခံလူထု(သို့) ဒေသနှင့်ပတ်သက်၍ ဘာတွေသိရှိထားဖို့လိုအပ်သည်ကို ဆုံးဖြတ်နိုင်ရမည်။ ထိုဒေသတွင်အလုပ်လုပ်ဖူးသောလုပ်ဖော်ကိုင်ဖက်များနှင့် ပြောဆိုရန်သော်လည်းကောင်း(သို့) ဖွံ့ဖြိုးရေးအစီအရင်ခံစာကဲ့သို့သော အချက်အလက်ရင်းမြစ်များကို အသုံးပြုရန်သော်လည်းကောင်း လိုအပ်လိမ့်မည်။ အောက်ပါမေးခွန်းများကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။

- လူထုအတွင်းရှိနေသည့် အကြောင်းအရာများသည် မည်သို့လည်ပတ်၍ ထိုအရေးအရာများအား မည်သူက ဆုံးဖြတ်ချက်များ ချမှတ် ပေးပါသနည်း။
- သင့်အတွက် မြေယာအသုံးပြုနိုင်ခွင့်ကို ထိခိုက်နိုင်သည့် သက်ရောက်မှုဖြစ်စေနိုင်သော အနေအထား များ ရှိပါသလား (ဆိုလို သည်မှာ မြေပိုင်ရှင်နှင့် မြေယာမဲ့တို့ကြားပြဿနာများ(သို့) ရပ်ရွာလူထု၏အရွယ်အစား)
- ထိုဒေသအတွင်း သတိထားရမည့် လုံခြုံရေးဆိုင်ရာအန္တရာယ်များရှိနိုင်မလား။
- ဆင်းရဲမွဲတေမှုအတိုင်းအတာ၊ ဖြစ်ပွားဆဲလက်နက်ကိုင်ပဋိပက္ခ(သို့)လူမျိုးစုကြားတင်းမာမှုများကဲ့သို့သော ဒေသတွင်းသိရှိထားရမည့်လူမှုရေး၊နိုင်ငံရေးဆိုင်ရာ ထူးခြားသောအရေးကိစ္စများရှိပါသလား။

**အများရှိသေလေးစားကြသော/ ရိုးရာအစဉ်အလာအရ အကြီးအကဲများ၊ ရွေးကောက်တင်မြှောက်ထားသော/ နိုင်ငံရေးခေါင်းဆောင်များနှင့် ပြောဆိုဆွေးနွေးပါ။** ဒေသခံလူထုတစ်ခုထဲသို့ရောက်ရှိသောအခါ ခေါင်းဆောင်ပိုင်း ပုဂ္ဂိုလ်များနှင့် မိမိကိုယ်ကိုမိတ်ဆက်၍ မိမိ၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောပြပါ□ သင်ကရပ်ရွာအကြီးအကဲနှင့် အရင်ဆုံးတွေ့ဆုံမှုမရှိလျှင် ကျေးလက်နေ လူထုအများစုရှိ ဒေသခံမြေပိုင်ရှင်များသည် သင်နှင့်ပြောဆိုဆွေးနွေး လိုမည်မဟုတ်ပါ။

**သင်ဘာလုပ်မည်ကို ပွင့်လင်းမြင်သာမှုရှိရှိ၊ ရိုးရိုးသားသားပြောပြပါ။** ဒေသခံလူထုသို့ ပထမဆုံးအကြိမ်ချဉ်းကပ်သောအခါ သင်ဘာလုပ်လိုသည်ကို သူတို့နားလည်နိုင်သော ဘာသာစကားအသုံးအနှုန်းဖြင့် ပြောပြပါ။ ရိုးသားပွင့်လင်းမှုရှိပါစေ။ "ကျွန်တော်/ကျွန်မတို့ ဒီမှာနာရီအနည်းငယ်လောက်လျှောက်ကြည့်ရုံပါပဲ" စသည်ဖြင့် မရေမရာ ပြောကြားမှုမရှိစေဘဲ အသေးစိတ်အချက်များအားသင့်လျော်သလောက် အသိပေးပါ။ ခရီးသွား ဧည့်သည်များ ခေါ်ဆောင်လာမည်ဆိုပါက ထိုကဲ့သို့ပြုလုပ်မည်ဟု ပြောပြပါ။

**ပထမအကြိမ်တွေ့ဆုံစဥ်ကပင် ဒေသခံလူထုအပေါ်နားလည်မှုတည်ဆောက်ပါ။** လူများအားတွေ့ဆုံသောအခါ သူတို့၏ရပ်ရွာလူထုအကြောင်းစိတ်ဝင်စားမှုကိုပြသ၍ သင့်အားဤလူထုအသိုက်အဝန်းလည်ပတ်ပုံကို နားလည် စေနိုင်သော ရိုးရိုးရှင်းရှင်းမေးခွန်းများ မေးမြန်းပါ။ ဥပမာအားဖြင့် -

- ဒီရပ်ရွာလူထုဟာ ဘယ်လိုဖွဲ့စည်းပုံရှိပြီး ဆုံးဖြတ်ချက်များချမှတ်ကြသလဲ။
- ခရီးသွားလုပ်ငန်းနဲ့ပတ်သက်လို့ အာဏာပိုင်တွေက ဘယ်လိုသဘောထားရှိကြသလဲ။
- ဆုံးဖြတ်ချက်ချမှတ်မှုဖြစ်စဉ်တွင် ကိုယ်စားပြုခြင်းမခံရသော လူထုထဲမှပုဂ္ဂိုလ်များ၊ အစုအဖွဲ့များရှိပါသလား။ သို့ဖြစ်လျှင် ထိုပုဂ္ဂိုလ်များ၏အသံကို ကြားသိနိုင်အောင် မည်သို့စီမံရမည်နည်း။
- လူမှုရေးခွင့်ပြုချက်များကို ဒေသခံလူထုအတွင်းမည်သို့ ညှိနှိုင်းတိုင်ပင်တတ်ကြသနည်း။
- လူထုအတွက် လက်ရှိဝင်ငွေရင်းမြစ်များက ဘာတွေလဲ။
- ရပ်ရွာလူထုသည် သူတို့၏သတင်းအချက်အလက်များကို ဘယ်နေရာမှရရှိကြသလဲ။
- ခရီးသွားလုပ်ငန်းအပေါ် လူထု၏သဘောထားအမြင်ဘယ်လိုရှိသလဲ။

ဒေသခံလူထုမှ သင့်အားမေးခွန်းများမေးမြန်းရန် ခွင့်ပြုပြီး အမေးအဖြေပြုလုပ်ရန်အတွက် အချိန်အလုံအလောက်ချန်လုပ်ထားရှိပါ။

# ဖြည့်စွက်ချက် ၃ - ဖြစ်စဉ်လေ့လာချက်

အိုဘင်ဂါနိုင်ငံသည် နှစ်ပေါင်းများစွာကြာအောင် မျိုးနွယ်စုများကြား အကြမ်းဖက်ပဋိပက္ခများ (အထူးသဖြင့် ကမာနှင့် ကပိုလူမျိုးစု တို့အကြား) ရင်ဆိုင်တွေ့ကြုံခဲ့ရသည်။ လတ်တလော ငြိမ်းချမ်းရေးအစီအစဉ်များကို အဖွဲ့အစည်းများစွာမှ လုပ်ဆောင်နေကြပြီး အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးပြီးဖြစ်သော်ငြားလည်း အကြမ်းဖက်မှု အဖြစ်အပျက်များရှိနေဆဲပင်ဖြစ်သည်။

အိုဘင်ဂါနိုင်ငံရှိမြို့နယ်တစ်ခုတွင် ကပိုနှင့်ကမာလူမျိုးများ အခြေချနေထိုင်ကြသည်။ လူမျိုးစုနှစ်ခုလုံးသည် ဘာသာတရားနှင့် ကိုးကွယ်မှုတူညီကြသော်လည်း ယခင်နယ်ချဲ့စနစ်၏ သွေးခွဲအုပ်ချုပ်မှုကို ခံခဲ့ရသောကြောင့် အငြိုးအတေးများမပြေနိုင်ဘဲ ရှိနေကြသည်။ နယ်ချဲ့အရင်းရှင် အကြီးအကဲများသည် ကပိုလူမျိုးစုအား ကမာလူမျိုးစုထက် ပိုမိုအရေးပေးကာအုပ်ချုပ်ခဲ့သည်။ ကပိုလူမျိုးများသည် ပညာရေးအားသာမှုကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိကာ ကမာလူမျိုးများထက် ပို၍ဝင်ငွေရရှိလျှက်ရှိသည်။ ထို့ကြောင့်လည်း ကပိုတို့က မိမိတို့သည် ကမာတို့ထက် ပိုမိုသာလွန်သည်ဟု စိတ်ကြီးဝင်နေကြကာ အိုဘင်ဂါနိုင်ငံလွတ်လပ်ရေးရချိန်တွင် ကမာတို့အပေါ်ကြီးစိုးလျက်ရှိကြသည်။ ကပိုတို့၏ပညာရေးအားသာမှုကြောင့် အစိုးရအလုပ်အကိုင်များပိုမိုရရှိကာ စီးပွားရေးကဏ္ဍတွင် ချုပ်ကိုင်ထားနိုင်ကြသည်။ ကမာလူမျိုးတို့သည် အများအားဖြင့် လယ်သမားများနှင့်ငါးဖမ်းသမားများဖြစ်ကြသည်။ ကမာနှင့်ကပိုတို့ အာဏာနှင့်အရင်းအမြစ်များအတွက် ယှဉ်ပြိုင်၍ထိပ်တိုက်ရင်ဆိုင်ကြရင်း ပဋိပက္ခဖြစ်ပွားလာခဲ့သည်။

လေးနှစ်ကြာသော် အခြေအနေများငြိမ်းချမ်းစပြုလာခဲ့၍ လူအများသည် ယခင်နှင့်နှိုင်းစာလျှင် ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်နိုင်ကြပြီဖြစ်သည်။ သို့သော်လည်းအပြင်ပန်းတွင် တည်ငြိမ်သယောင်ရှိပေမဲ့ အချင်းချင်း မယုံကြည်မှုများ ၊ အငြိုးများ၊ တင်းမာမှုများရှိနေကြဆဲပင် ဖြစ်သည်။ ရန်လိုမုန်းတီးမှုများသည် မသိမသာဆူပွက်နေဆဲဖြစ်သည်ဟု တချို့ကဆိုကြသည်။

ကပိုတို့ဘက်မှ ချမ်းသာသူများသည် ကမာတို့ဘက်မှ မြေများကိုစတင်ဝယ်ယူလာကြခြင်းသည်ကမာလူမျိုးတို့အတွက် စိုးရိမ်စရာကိစ္စ ဖြစ်လာသည်။ မည်သူမှ ရေရေရာရာမသိလိုက်ပဲ ရွာသူကြီးမှတဆင့်ကမာတို့၏ ကျေးရွာ လူထုပိုင်မြေများအား ကပိုတို့လက်ထဲသို့ ရောင်းချ ခဲ့သည်။ ထိုရောင်းရငွေများဘယ်ဆီသို့ရောက်ရှိ သွားမှန်းမသိသော်လည်း ရွာသူကြီးကတော့ ရုတ်တရက် အိမ်အသစ်ဆောက်နိုင်သွားခဲ့ သည်။ အချို့ဆင်းရဲသော တောင်သူလယ်သမားများအား လည်းညှိနှိုင်း၍ ဈေးပေးဝယ်ယူကာ ၎င်းတို့ပိုင်ဆိုင်ရာမြေများမှ ပြောင်းရွှေ့ခိုင်းခြင်းများ ရှိလာခဲ့သည်။ ကမာတို့က ထိုရောင်းချပြီးမြေများတွင် ခရီးသွားလုပ်ငန်း လုပ်ကိုင်ပါက ၎င်းတို့၏ သဘာဝအလှများအား ပျက်စီးထိခိုက်မှာလား ဒါမှမဟုတ် ၎င်းမြေများတွင်တန်ဖိုးနည်း ၊အရည်အသွေးညံ့သော သီးနှံများ စိုက်ပျိုးပါက ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်လာပြီး လက်ရှိ ကမာလူမျိုးတို့ စိုက်ပျိုးနေသော အရည်အသွေးကောင်း သီးနှံများနှင့် ဈေးကွက်ပြိုင်မှုများ ဖြစ်လာမည်လား တွေးပူနေကြသည်။

ထိုမြို့အားမြစ်တခုဖြတ်စီးလျှက်ရှိကာ ကပို နှင့် ကမာလူမျိုးတို့က ၎င်းမြစ်၏ တဖက်တခြမ်းစီတွင် နေထိုင်ကြသည်။ ယခင်ကတံတားတခုဖြင့် မြစ်အားဆက်သွယ်ထားသော်လည်း စစ်အတွင်းတွင် တံတားမှာဖောက်ခွဲဖျက်ဆီးခံခဲ့ရသည်။ ထိုအချိန်မှစတင်ကာ နှစ်ဘက်နေ လူထုမှ လှေများ၊ ကူးတို့များကို အသုံးပြုပြီးသွားလာခဲ့ကြသည်။ တံတားမရှိရသည့်ကြားထဲ ကပို နှင့် ကမာ တို့ကြား အခြား စိတ်ဝမ်းကွဲစရာ ကိစ္စများလည်းရှိသေးသည်။ အကြောင်းမှာ ဆေးရုံနှင့် အဆင့်မြင့် ပညာရေးအဆောက်အအုံတို့မှာ ကပိုတို့ဘက်တွက်တည်ရှိကာ၊ စိုက်ပျိုး လယ်မြေနှင့် သီးနှံဈေးကွက်မှာ ကမာတို့ဘက်ခြမ်းတွင် အများဆုံးရှိနေကြပြန်သည်။

ထို့ကြောင့် ကမာလူစုအတွက် ပညာရေး၊ ကျန်းမာရေး နှင့် အလုပ်အကိုင်ကောင်းရရှိရန် ခက်ခဲကာ ကပိုတို့မှာ လတ်ဆတ်သော စားသောက်ကုန်များ ရရှိရန်ခက်ခဲကြပြန်သည်။ ကမာလူမျိုးများမှာ နိုင်ငံ၏အခြားအရပ်များသို့ သွားရောက် ရောင်းဝယ်ဖောက်ကား မှုပြုရ၍ခရီးလမ်းရှည်စွာသွားကြရသည်။ သို့သော် ကမာတို့၏ ဘက်အခြမ်းတွင် လယ်ယာမြေများအရည်အသွေးကောင်းမွန်၍ ၄င်းတို့၏ သီးနှံစိုက်ခင်းများသည်နာမည်ကောင်းဖြင့် ကျော်ကြား လှသည်။

တံတားမရှိသောကြောင့် ကမာလူစုနေရာသည် ပြင်ပနှင့်သီးခြား ဖြစ်စေသည်။ တစ်ဘက်တွင် မြစ်နှင့်အခြား တစ်ဘက်တွင် တောင်ထူထပ်သောပထဂီအနေအထားကြောင့် အကယ်၍ ပဋိပက္ခနောက်ထပ်ဖြစ်ပွားပါက သွားလာရေး ခက်ခဲနိုင်ပြီး လုံခြုံရေးထိခိုက်မှုရှိနိုင် ကြောင်း ကမာခေါင်းဆောင်အချို့က စိုးရိမ်ကြစဉ်၊ ကပိုဘက်မှ အစွန်းရောက်သမားများကမူ တံတားမရှိခြင်းကို ထောက်ခံပြီး တံတားပြည်လည်တည်ဆောက်ရန် အစီအစဉ်များကို ဆန့်ကျင်ကြသည်။ ကပိုများက " တံတားမရှိတာကောင်းတယ်၊ ဒါမှသူတို့ဘယ်နေရာရှိလဲဆိုတာသိနိုင်မယ်။ တံတားပြန်ဆောက်လိုက်လို့ ဟိုဘက်ကလူတွေ ဒီဘက်လာပြီး ခြိမ်းခြောက် ရင်ဘယ်လိုလုပ်မလဲ " ဟုပြောဆိုကြသည်။ ကမာလယ်သမားတွေကတော့ တံတားမရှိလို့ သူတို့၏သီးနှံများ ရောင်းဝယ်ဖောက်ကားမှုအတွက် အတားအဆီးဖြစ်နေကြောင်း မကျေမနပ်ညည်းညူကြသည်။

ကမာလူစုတို့ နှစ်စဉ်ကျင်းပသော ကောက်ရိတ်သိမ်းပွဲတော်သည် သမိုင်းဝင်ပွဲတော်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲ၊ စားသောက်ဖျော်ဖြေရေး များဖြင့် စည်ကားစွာကျင်းပလေ့ရှိသည်။ရှေးအရင်ကကပိုတို့ မှာ ဖိတ်ကြားခံရလေ့ရှိသော်လည်း တိုက်ခိုက်မှုများ စတင်ကာတံတားအားဖျက်ဆီးခံရပြီး နောက်ပိုင်းတွင်တော့ကမာတို့ကပွဲတက်ရောက်ရန် မကြိုဆိုတော့ပေ။

မကြာသေးမီက ကမာနှင့်ကပို နှစ်ဘက်လုံးရှိလူငယ်များက ပညာရေးအတွက်အခွင့်အရေးတူညီစွာရရှိရန် ကျောင်းရှေ့တွင် ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြမှု စတင်ခါစက သေးငယ်ပြီး ငြိမ်းချမ်းစွာ စတင်ခဲ့သော်လည်းတဖြည်းဖြည်းနှင့် လူအများပါဝင်လာကာ ဆူပူမှု ဖြစ်လာခဲ့သည်။ တချို့က လက်ကိုင်အုပ်စုများ တွင်ပါဝင်ဖူးသူသော ပြဿနာ ရှာလေ့ရှိသူများက လူငယ်များနှင့် ရောယှက်ကာမငြိမ်သက်မှုများ ဖြစ်အောင် ပြန်လည်လှုံ့ဆော်ကြမည်ကို စိုးရွံ့ကြသည်။

ထိုသို့ ပဋိပက္ခများ ဖြစ်နေချိန်တွင် ကပို ၊ ကမာနှစ်ဘက်လုံးရှိ အမျိုးသမီးများစုဝေးကာ ၎င်းတို့၏ ကလေးများ ကျောင်းတက်ရောက်နိုင် စေရန်ဆောင်ရွက်ကြသည်။ ထိုလုပ်ရပ်သည် မျိုးနွယ်စုများအား ခွဲခြားထားမှုမှပေါင်းစည်းမှုဆက်သွယ်မှု ဖြစ်ထွန်းစေခဲ့သည်။ ဤဆက်စပ်မှုကွန်ယက်သည် ပေါ်ပေါက်လာသော တင်းမာမှုများကို ငြိမ်သက်အောင်ထိန်းသိမ်းပေးရာတွင် အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်နေပြီဖြစ်သည်။ အမျိုးသမီးများက နေ့ ကလေးထိန်းဌာနဖွင့်လှစ်ကာ နှစ်ဘက်လုံးရှိကလေးငယ်များ အားလက်ခံစောင့်ရှောက်ခဲ့သည်။ သမိုင်းတွင် ကပိုနှင့် ကမာတို့ချင်းလက်ဆက်မှုများရှိခဲ့သော်လည်း ပဋိပက္ခဖြစ်ပွားချိန်မှစ၍ လူမျိုးရေးအရ ပေါင်းစည်းခြင်းမဖြစ်နိုင် တော့ပေ။ နှစ်ဘက်သောမျိုးနွယ်စုမှသက်ကြီးဝါကြီးများကငြိမ်းချမ်းရေးနှင့်ဖွံ့ ဖြိုးရေးအလုပ်အဖွဲ့ဖော်ဆောင်ရန် စတင်ဆွေးနွေးမှုများလုပ်လာ ကြသည်။

လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်အဖွဲ့ အစည်းအများအပြားလည်း ပေါ်ပေါက်လာ ကြသည်။ အချို့သော ပညာရေးမရရှိသော အလုပ်လက်မဲ့ လူငယ်များများမှာမူ စုဝေးပြီး ရာဇဝတ်မှုများတွင် ပါဝင်ခဲ့ကြသည်။

FeelFree အမည်ရသောခရီးသွားလုပ်ငန်းကုမ္ပဏီသည် ထိုဒေသတွင် လူထုအခြေပြု လုပ်ငန်းလုပ်ကိုင်ရန် စိတ်ဝင်စားမှုရှိသည်။ ထိုလုပ်ငန်းတွင် အပိုင်း(၂)ပိုင်းပါဝင်မည်။ တစ်ပိုင်းက မြို့ကြီးပြကြီးမှ ဧည့်သည်များက ယာခင်းရှိ နေထိုင်မှုဓလေ့အတိုင်း တစ်နေ့တာပါဝင်ခြင်းနှင့် နောက်တစ်ပိုင်းက လှပသောတောင်တန်းနေရာများတွင် ခြေလျင်တောင်တက်ခြင်းဖြစ်သည်။ လေ့လာစူးစမ်းမှုမပြုရသေးသော ဤဒေသတွင် စီပွားရေးအခွင့်အလမ်းများကို ခရီးသွားလုပ်ငန်းကုမ္ပဏီမှ တွေ့မြင်ထားသည့်အပြင် ဒေသခံလူထု၏ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက်လည်း အထောက်အကူဖြစ်စေလိုသည်။ ကမာတို့က ဤအစီအစဉ်များကို ယေဘုယျအနေနှင့် သဘောကျလက်ခံကြသော်လည်း ကပိုလူထုထဲတွင်မူ ထိုလုပ်ငန်းများကြောင့် ဒေသတွင်းမငြိမ်သက်မှုဖြစ်လာစေနိုင်သည်ဟု သုံးသပ်နေကြသည်။

## ငြင်းဆိုချက်

ဤစာတမ်းသည် UKနိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID) မှ ရံပုံငွေထောက်ပံ့ထားသော Business Innovation Facility (BIF)စီမံကိန်းလုပ်ငန်းမှ ရလဒ်တစ်ခုဖြစ်သည်။ သို့ရာတွင် စာတမ်းတွင်ဖော်ပြထားသော ခံယူချက်အမြင်များ နှင့် အချက်အလက်များသည် DFID က အပြည့်အဝ ထောက်ခံထားသောအချက်များ မဟုတ်ပါ။ ထို အချက်အလက်များ နှင့် ပတ်သက်၍ မကျေနပ်ချက် တစ်စုံတရာရှိသော် DFID အနေဖြင့် တာဝန်ယူမည်မဟုတ်ပါ။ စာတမ်းဖြန့်ဝေမှုသည် DNH နည်းလမ်းကို စိတ်ဝင်စားသူများအတွက် အထွေထွေလမ်းညွှန်တစ်ရပ်သာ ဖြစ်ပြီး ပရော်ဖက်ရှင်နယ်အဆင့်အကြံပေးမှုမျိုးကို မရည်ရွယ်ပါ။ စာတမ်းတွင်ပါဝင်သော အချက်အလက်များအား ကျွမ်းကျင်သူများ၏ အသေးစိတ်အကြံ ပေး မှုမျိုးမရရှိဘဲ လိုက်နာကျင့်သုံးခြင်းမျိုး မပြုသင့်ပါ။ အချက်အလက်ပြည့်စုံမှုနှင့် တိကျသေချာမှုအပိုင်းအတွက် ကိုယ်စားပြုထားခြင်း၊ (တိုက်ရိုက်ဖော်ပြ၍သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း) အာမခံချက် ပေးထားခြင်း မရှိသည့်အတွက် စာတမ်းပါ အချက်အလက်များအတိုင်း တစ်စုံတစ်ဦးမှ ကျင့်သုံးခြင်း (သို့) ကျင့်သုံးရန် ရှောင်ကြဉ်ခြင်းကြောင့် ရရှိလာသည့်အကျိုးဆက်များနှင့် ချမှတ်လိုက်သည့်ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ဥပဒေမှခွင့်ပြုထားသည့်အတိုင်းအတာအလျောက် စာတမ်းနှင့်စပ်ဆိုင်သော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တစ်စုံတစ်ရာမှ တာဝန်ယူမှုတစ်စုံတစ်ရာပြုမည်မဟုတ်ပါ။

www.bifprogramme.org

UKaid from the British people

Business Innovation Facility